“အမေဇုံမြစ်ပေါ်မှမျှော်လင့်ခြင်း”

အောက်တိုဘာလ(၄)ရက်၊ ရေးသားသူ- Cassi, Brazil

အချို့အသင်းအုပ်ဆရာများသည် အသင်းတော်၏ အိမ်တွင်နေကြသည်။ အချို့မှာအမှုဆောင်ရာအရပ်မှအလှမ်းဝေးသောနေရာတွင်ငှား၍နေကြသည်။ ဓမ္မဆရာကာစီသည် သူအမှုဆောင်ရာ အသင်းတော်ဖြစ်သော သင်္ဘောပေါ်၌ နေထိုင်ပါသည်။

ကာစီ၏ရေပေါ်အသင်းတော်ဖြစ်လည်း၊ ထိုသင်္ဘောသည် ၂၀၁၆ ခုနှစ်ပထမကွာတာ၌ကောက်ခံရရှိသောအလှူငွေဖြင့်ဝယ်ထားသောသင်္ဘောဖြစ်သည်။အမေဇုန်မြစ်ကြောင်းတစ်လျှောက်လူသူမရောက်နိုင်သောရွာများသို့သွားရောက်အမှုဆောင်နိုင်ရန် ကာစီအတွက်လိုအပ်သော သာသနာပြုသင်္ဘောတစ်စီးအတွက်သင်ပါဝင်လှူဒါန်းခဲ့ပါသည်။

ရပ်ဝေးသတင်းသည်ကာစီနှင့်သူ၏ရေပေါ်အသင်းတော်ဖြစ်သောအမေဇုန်မြစ်ပေါ်မှမျှော်လင့်ခြင်းဟုနာမည်ပေးထားသောထိုသင်္ဘောနှင့်မည်သို့အမှုဆောင်ကြပုံကိုကြားနာရမည်ဖြစ်သည်။ ရွာတစ်ရွာသို့ ကာစီသည်သင်္ဘောနှင့်ဆိုက်ရောက်လာလျှင်ထိုရွာသားများနှင့်မိတ်ဆွေဖွဲ့ရန်တစ်အိမ်တက်ဆင်းသွားရောက်လည်ပတ်ခဲ့ပါသည်။ အစပိုင်းတွင် စိန်ခေါ်မှုများရှိခဲ့သည်။

ဦးဆုံးကျေးရွာလူကြီးများနှင့်မိတ်ဖွဲ့ ၍ထိုရွာ၌နေထိုင်ခွင့်ရရန် ဆောင်ရွက်ရသည်။ ထိုသူများကိုကာစီသည်သူ၏သင်္ဘောပေါ်သို့ဖိတ်ခေါ်၍ကြည့်ရှုခွင့်ပြုခဲ့သည်။

ပထမဆုံးတွေ့ဆုံပွဲသည် ကြီးကျယ်လှသည်။ ကာစီနှင့်ဇနီးသည်သည်အစီအစဉ်များပြုလုပ်ကာဓမ္မသီချင်းသီဆိုခြင်း၊အစားအစာကျွေးမွေးခြင်းနှင့်ဆုလက်ဆောင်များပေးခြင်းများကိုပြုလုပ်ပေးသည်။ ထိုလက်ဆောင်များတွင်မီးဖိုချောင်သုံးပစ္စည်းများ၊ ပန်ကာများ၊ဘောလုံး တို့ပါဝင်ပါသည်။ထိုတွေ့ဆုံပွဲတွင်ကာစီသည်သမ္မာ

ကျမ်းစာမှသတင်းစကားများကိုပြောကြားကာညစဉ်ညတိုင်းကျမ်းစာဆွေးနွေးပွဲများ
သို့တက်ရောက်ရန်ဖိတ်ခေါ် ခဲ့သည်။

အစပိုင်းရက်သတ္တပတ်တွင်ထိမ်းမြားမင်္ဂလာ၊အိမ်ထောင်ရေးစီမံကိန်းနှင့်ကျန်းမာခြင်းဆိုင်ရာ ခေါင်းစဉ်နှင့်ပတ်သက်မှုများကို ဟောပြောခဲ့ပါသည်။ ဒုတိယရက်သတ္တပတ်တွင်ကျမ်းစာကိုသေချာသင်ကြားပေးခဲ့သည်။ ညပိုင်းကျမ်းစာသင်ပေးသော တစ်လအတွင်း၌ နေ့ဘက်တွင်ရွာရှိလူများအားချက်ပြုတ်နည်း၊ ဂီတာတီးနည်း၊သီချင်းများကိုသင်ကြားပေးကြပါသည်။ အထွေထွေဆရာဝန်နှင့်သွားဆရာဝန်များမှလည်းအခမဲ့ကျန်းမာရေးစစ်ဆေးမှုများကိုဆောင်ရွက်ပေးပါသည်။

ကာစီသည်ရွာတိုးတက်မှုများကိုဆောင်ရွက်ပေး၍ရိုးသားသူဖြစ်ကြောင်းလက်ခံသောအခါ သူဦးစီးသောညပိုင်းအစီအစဉ်များသို့ ညစဉ်ရွာရှိလူများတက်ရောက်ကြပါသည်။ ရေပေါ်အသင်းတော်ထိုသဘော်သည်လူ ၁၅၀ ဆံ့ပါသည်။ထိုရွာသို့ရောက်ရှိချိန်ပထမလ၌ပင် သတ္တမနေ့အသင်း ဘုရားကျောင်းတစ်ဆောင်စတင်ဆောက်လုပ်ခဲ့ကြပါသည်။

ဘုရားကျောင်းတည်ဆောက်ချိန်မှာ ရက်၃၀မှ၅၀ အထိကြာမြင့်ခဲ့သည်။ ဆောက်လုပ်ရေးလုပ်သားများမှာအသင်းတော်မှငှားရမ်းပေးသောသူများဖြစ်၍ထိုရွာသို့လာရောက်တည်ဆောက်ပေးကြသည်။

ကျမ်းစာသင်တန်းပေးပြီးနောက် ကာစီသည် ထိုရွာသားများ၏စိတ်နှလုံးကိုခရစ်တော်ထံပေးအပ်၍နှစ်ခြင်းခံရန်မေတ္တာရပ်ခံသည်။ ကာစီ၏ပထမဆုံးသာသနာပြုသောရွာ၌နှစ်ခြင်းပေးခြင်းအစီအစဉ်ကိုဘုရားကျောင်းအသစ်၌ကျင်းပ၍ဘုရားကျောင်းအပ်ပွဲကိုတစ်ပါတည်းပြုလုပ်ကျင်းပခဲ့ပါသည်။ ထိုနောက် ရေပေါ်အသင်းတော်မှရွာရှိအသင်းတော်ဘုရားကျောင်းတွင်ပြောင်း၍ဝတ်ပြုကိုးကွယ်မှုအစီအစဉ်များကိုလုပ်ဆောင်ကြသည်။ ထိုရွာ၌ပင် ကာစီသည် ယုံကြည်သူအသစ်များကိုခရစ်တော်၏တပည့်တော်ဖြစ်စေရန်ရိုးသားစွာ ဆက်ကပ်ဆောင်ရွက်ခဲ့ပါသည်။

ထိုတပည့်တော်အသစ်များကို သခင်ခရစ်တော်၏မေတ္တာတော်နှင့် မိမိအတွက်အသက်တော်စွန့်ခဲ့ကြောင်းကို အခြားသူများအားဝေငှပြောဆိုရန် ကာစီ တိုက်တွန်းအားပေးခဲ့သည်။ ကျမ်းစာသင်ပေးခြင်း၊ထိုသူများထံသွားရောက်လည်ပတ်ခြင်းအားဖြင့်လည်းသူတို့၏ယုံကြည်ခြင်းအင်အားကိုတိုးပွားစေခဲ့သည်။ အသင်းသားအသစ်များကိုအသင်းတော်၌ဦးဆောင်နိုင်ရန်ဥပုသ်စာဖြေကျောင်းအစီအစဉ်၊တရားဟောခြင်းအစဉ်၊ဆုတောင်းစည်းဝေးနှင့်အခြားဝတ်ပြုကိုးကွယ်ခြင်းအစည်းအဝေးများ၌ဦးဆောင်နိုင်ရန်သင်ကြားပို့ချပေးခဲ့ပသည်။

ကာစီနှင့်သူ၏ရေပေါ်အသင်းတော်"အမေဇုန်မြစ်ပေါ်မှမျှော်လင့်ခြင်း" သဘော်သည်ရွာတစ်ရွာ၌ငါးလကြာနေ၍ထိုရွာရှိအသင်းတော်ကိုကြည့်ရှုရန်အသင်းအုပ်ဆရာအားလက်လွှဲပေးအပ်ကာ၊အခြားတစ်ရွာသို့အမှုဆောင်ရန်ဆက်လက်ထွက်ခွာခဲ့ပါသည်။ ထိုသဘော်နှင့် တစ်နှစ်လျှင်ရွာ ၂ ရွာထက်မနည်း အမှုဆောင်ရန်သွားလာ၍တပည့်တော်ဖြစ်ရန်အတွက်မှာမူထိုထက်အချိန်ပိုပေးရမည်ကို ကာစီ သိပါသည်။

၁၀လကြာနောက်ပိုင်းတွင်ရွာ ၂ ရွာသို့သွားရောက်အမှုဆောင်ပြီးလျှင် ကာစီနှင့်ရေပေါ်အသင်းတော်သဘော်သည် ဒီဇင်ဘာလနှင့်ဇန်နဝါရီလများတွင်အမေဇုန်မြစ်ပေါ် ရှိမနောက်(စ)မြို့၏ ဆိပ်ကမ်းတွင်ရပ်နားကာပြုပြင်မွမ်းမံမှုများပြုလုပ်ကာကာစီသည် အသင်းတော်ခေါင်းဆောင်များနှင့်တစ်နှစ်တာအစီအစဉ်များရေးဆွဲကာ၊မည်သို့အမှုဆောင်ရန်စီမံကိန်းများရေးဆွဲကြသည်။

ကာစီနှင့်ဇနီးသည်မှာ၂နှစ်အတွင်းရွာလေးရွာသို့သွားရောက်အမှုဆောင်ပြီးအသင်းသားအသစ်၁၇၄ဦးတို့အားနှစ်ခြင်းပေးနိုင်ခဲ့သည်။"ဒီရေပေါ်အသင်းတော်အားဖြင့်အထူးပုဂ္ဂိုလ်များသီးသန့်နည်းနှင့်ကျွန်တော့်ဆီဘုရားသခင်ပို့ဆောင်ပေးပါသည်။ လူတိုင်းမှာ သီးသန့်အကြောင်းအရာတွေရှိကြပါတယ်" လို့ ကာစီ ပြောပြခဲ့ပါသည်။

"အမေဇုန်မြစ်ပေါ်မှမျှော်လင့်ခြင်း"ရေပေါ်သင်္ဘောသည်၂၀၁၆ သုံးလပတ်မှ ကောက်ခံရရှိသောအလှူငွေအားဖြင့်ဝယ်ယူခဲ့သောသင်္ဘောဖြစ်၍ လူပေါင်းများစွာကိုလည်းမျှော်လင့်ခြင်းများ ပေးဝေနိုင်ခဲ့ပါသည်။

ယခုသုံးလပတ်တွင်ဘရာဇီးလ်နိုင်ငံနှင့်ချီလီနိုင်ငံ၏အမှုတော်လုပ်ငန်းများအတွက်ဆုတောင်းခြင်း၊အလှူငွေထည့်ဝင်လှူဒါန်းကြသူများအားလုံးကိုအထူးကျေးဇူးတင်ပါသည်။

-၀-

"အပြစ်မှလွတ်မြောက်ခြင်း"

အောက်တိုဘာလ(၁၁)ရက်၊ ရေးသားသူ-ကာစီ (ဘရာဇီးလ်နိုင်ငံ)

(ဘရာဇီးလ်နိုင်ငံအမေဇုန်မြစ်ပေါ်၌သွားလာ၍ "အမေဇုန်မြစ်ပေါ်မှမျှော်လင့်ခြင်း" ဟုအမည်ပေးထားသောရေပေါ်အသင်းတော်သင်္ဘောအားဖြင့်သာသနာပြုရာတွင်အသက်တာပြောင်းလဲခဲ့သူများအတွင်းမှပုဂ္ဂိုလ်လေးဦးအကြောင်းတင်ပြသွားပါမည်။)

ဂျာ

ညနေခင်းတစ်ခု၌မြစ်ကမ်းနံဘေးတွင် "ဂျာ" လမ်းလျှောက်နေစဉ်ဆိုက်ကပ်ထားသောအဖြူရောင်သင်္ဘောပေါ်သို့လူများတက်သွား၍အစည်းအဝေးတစ်ခုကျင်းပလျက်ရှိသောကြောင့် "ဂျာ" သွားရောက်ပါဝင်ခဲ့ပါသည်။ လူပေါင်း ၁၅၀ ဆံ့ထိုင်ခုံများရှိပါသည်။

ထိုင်ခုံလွတ်တစ်ခု၌ဝင်ထိုင်ခဲ့သည်။ထိုည၌ရေပေါ်အသင်းတော်၏သင်းအုပ်ဆရာ ကာစီက ခွင့်လွှတ်ခြင်းအကြောင်းတရားဟောခဲ့သည်။ "ဂျာ"အတွက်နာကြဉ်ရသောအကြောင်းအရာဖြစ်သည်။ "ဂျာ" သည်အသင်းတော်အများသို့သွား၍ခွင့်လွှတ်

ခြင်းရရန်ရှာဖွေခဲ့သည်။ အသင်းအုပ်များက”ဂျာ” ၏အပြစ်သည်ခွင့်လွှတ်ခွင့်မရနိုင်ကြောင်းပြောခဲ့ကြပါသည်။

‘ဂျာ” ငယ်စဉ်ကဆေးသုံးစွဲခဲ့ပါသည်။ သူ၏အစ်ကိုကိုသတ်သောသူကို‘ဂျာ” လက်စားချေ၍သတ်ခဲ့သည်။ ယခုတွင်အသက်၃၂ ရှိပြီဖြစ်သော”ဂျာ” သည်ခွင့်လွှတ်ခြင်းကိုလိုချင်မိပါသည်။

ရေပေါ်အသင်းတော်သို့ “ဂျာ” လာစဉ်တွင်ခွင့်လွှတ်ခွင့်ရလိမ့်မည်ဟုမထင်မှတ်ထားပါ။ သို့သော်ထိုညတွင်ဘုရားသခင်သည်မည်သည့်အပြစ်မဆိုခွင့်လွှတ်နိုင်ကြောင်းသူကြားခဲ့ရသည်။ ညစဉ်ညတိုင်း တရားစကားများကို နားထောင်ရန်”ဂျာ” သွားခဲ့သည်။ တရားပွဲအဆုံး၌သူ၏စိတ်နှလုံးကိုခရစ်တော်ထံပေးအပ်၍နှစ်ခြင်းခံယူခဲ့သည်။ “ဂျာ” သည်ခွင့်လွှတ်ခြင်းခံရ၍ ရွေးနှုတ်ခြင်းခံခဲ့ရသည်။

မာရီယာ

နာရီယာသည် ရေပေါ်အသင်းတော်သို့သွားရန်ဆန္ဒရှိသော်လည်း သူမ၏ခင်ပွန်းသည်မှာညနေတရားပွဲသို့အစဉ်သွားခဲ့သည်။ တရားပွဲပြီးလျှင်လည်းနှစ်ခြင်းခံရန်ဆုံးဖြတ်ထားသောကြောင့် မာရီယာသည် ရေပေါ်အသင်းတော်သို့သွားရောက်ခဲ့တော့သည်။ တရားပွဲ၏နောက်ဆုံးရက်ပိုင်းမှသွားရောက်၍ ဆရာကာစီ၏ နှစ်ခြင်းခံယူရန်တိုက်တွန်းသောအခါ မာရီယာ သည်သူမ၏ခင်ပွန်းကိုသူမနှင့်သာနှစ်ခြင်းခံယူစေလိုသည်ဟုပြောသောအခါ ဆရာကာစီမည်သို့လုပ်ဆောင်ရမည်ဟု မသေချာတော့ပါ။ ထိုလင်မယား၂ဦးကိုဆုတောင်းပေး၍အစည်းအဝေးပိတ်လိုက်သည်။

ထိုနောက် မာရီယာကို တပည့်တော်ဖြစ်သင်တန်းသို့တက်ရောက်စေခဲ့သည်။ အသင်းသားအသစ်များအတွက်ဖြစ်သည်။ မာရီယာမသိလိုက်သောကျမ်းစာမှအမှန်တရားများကိုသူမသိခွင့်ရ၍လင်မယားနှစ်ယောက်နှစ်ခြင်းခံယူ၍ယနေ့တွင်သစ္စာရှိသောအသင်းသားများအဖြစ်ထိုကျေးရွာလေးတွင်တက်ကြွစွာအသင်းသားများအဖြစ်နေထိုင်လျက်ရှိသည်။

ဂျေစီယာနီ

အသက် ၃၈ နှစ်အရွယ်အမျိုးသမီးတစ်ဦးဖြစ်သူဂျေစီယာသည်ရေပေါ်အသင်းတော်၏ညနေပိုင်းတရားပွဲ၏နောက်ပိုင်းအချိန်သို့ရောက်ရှိလာသောအခါ "ကျမကလေးဘဝတုန်းကဘုရားကျောင်းပုံမှန်သွားခဲ့ပါတယ်။ လူငယ်ပိုင်းရောက်တော့ဘုရားကျောင်းမတက်တော့ပါဘူး။ ဒါပေမယ့်ဒီညမှာတော့ဘုရားကျောင်းပြန်တက်ဖို့ဆုံးဖြတ်လိုက်ပါပြီလို့ ပြောလာပါတယ်။ နိုင်ငံတော်ဝင်စားခွင့်ကိုဘုရားသခင်ပေးလျက်ရှိပါတယ်။

ပေါ်လို

ပေါ်လိုသည်ဘုရားကျောင်းပုံမှန်တက်ရောက်သူတစ်ဦးဖြစ်သည်။အစပိုင်းတွင်ဘုရားကျောင်းလုံးဝမတက်ရောက်သည့်အပြင် အသက်၆၀အရွယ်ပေါ်လိုသည်ဇနီးသည်ဘုရားကျောင်းတက်ရောက်မှုကိုလည်းတားမြစ်ပါသည်။ ထိုကြောင့်လင်မယားစကားများ၍အိမ်ပေါ်မှဆင်းသွားခဲ့သည်။ သူမ၏ခင်ပွန်းသည်သည်ဘယ်တော့မှဘုရားကျောင်းတက်မည်မဟုတ်ကြောင်းထင်မှတ်ခဲ့သည်။

ကာစီနှင့်အဖွဲ့သည်ပေါ်လိုထံလည်ပတ်သောအခါဘုရားကျောင်းနှင့်ပတ်သက်၍ ဘာမျှမပြောဆိုကြပါ။ ပေါ်လို၏နေ့စဉ်လုပ်ကိုင်သော အလုပ်အကိုင်အကြောင်းကိုသာပြောဆိုကြသည်။ ဆံသဆရာခေါ်ခဲ့၍ပေါ်လိုအတွက်ဆံပင်ညှပ်ရန်စီစဉ်ပေးခဲ့သည်။ တောင်ပေါ်၌နေသောပေါ်လိုသည်တောင်အောက်ဆင်း၍ဆံပင်ညှပ်ရန်ခက်ခဲသောကြောင့်ဖြစ်သည်။

ပေါ်လိုဆံပင်ညှပ်ပြီးသောနေ့ ၌ရေပေါ်အသင်းတော်သို့သွားရန်ဆုံးဖြတ်ခဲ့ပါသည်။ သင်္ဘောပေါ်သို့ရောက်သောအခါကာစီကိုဖက်၍ "ခင်ဗျားတို့ကဘယ်သူတွေလဲ၊ ကျွန်တော်ဆံပင်ညှပ်နိုင်ရန်စီစဉ်ပေးပြီး ကျွန်တော့်အတွက်စိတ်ပူပေးကြတယ်" လို့ပြောရင်းညစဉ်ညတိုင်းတရားပွဲသို့တက်ရောက်ခဲ့ပြီး နောက်ဆုံးပေါ်လိုနှင့်မိသားစုအားလုံး နှစ်ခြင်းခံယူခဲ့ပါသည်။

ဆရာကာစီသည်ထိုရေပေါ်အသင်းတော်နှင့်အမှုဆောင်ရာမှဘုရားသခင်ကို လက်ခံသောဝိညာဉ်တိုင်းအတွက် ဂုဏ်တော်ချီးမွမ်းခဲ့သည်။ "ကျွန်တော့်ထံသို့အထူး ဝိညာဉ်များကိုဘုရားသခင်ပို့ဆောင်ခဲ့ပါသည်" လို့ကာစီသက်သေခံခဲ့ပါသည်။

ဤရေပေါ်အသင်းတော်အမှုဆောင်သင်္ဘောကြီးကို ၂၀၁၆ ခုနှစ်၏ ၁၃ပတ် အလှူငွေအားဖြင့်ဝယ်ယူခဲ့ပြီး ဘရာဇီးလ်နိုင်ငံနှင့်ချီလီနိုင်ငံများတွင်အမှုတော်ဆောင် လုပ်ငန်းများအတွက်၊ ယခု၁၃ပတ် အလှူငွေအားဖြင့်ဆက်လက်၍ထောက်ပံ့ပေးပါ ရန်လေးစားစွာဖြင့်တောင်းဆိုပါသည်။ ကျေးဇူးတင်ပါသည်။

-ဝ-

"သင်္ဘောပေါ်မှဧည့်သည်"

အောက်တိုဘာလ ၁၈ ရက်၊ ရေးသားသူ-ဂျာမီလီ(ဘရာဇီးလ်နိုင်ငံ)

အိမ်အပြင်ဘက်မှဧည့်သည်တစ်ဦးသည်"ဟဲလို"ဟုနှုတ်ဆက်၍အပြင်ထွက် လာရန်ခေါ်သောအခါ ဂျာမီလီမှ ထိတ်လန့်ခဲ့ရသည်။အမေဇုန်မြစ်ကြောင်းပေါ်မှရွာ များတွင်ဧည့်သည်လာလေ့မရှိသောကြောင့်ဖြစ်ပါသည်။

မိဘများအိမ်၌မရှိခိုက် ၂၀နှစ်အရွယ်ဂျာမီလီနှင့်၄နှစ်အရွယ်မောင်လေးသာ အိမ်၌ကျန်ခဲ့ပါသည်။ထိုဧည့်သည်ကသူသည်ဓမ္မဆရာကာစီဖြစ်၍သတ္တမနေ့အသင်း တော်မှဖြစ်ကြောင်းမိတ်ဆက်ခဲ့ပါသည်။ဂျာမီလီ၏အကြောင်းကိုလည်းမေး၍"မိဘ များနှင့်အဆင်ပြေမှုရှိ၊မရှိမေးသောအခါ"အဆင်မပြေကြောင်းပြန်ဖြေလိုက်ပါသည်။

စကားပြောကြာလာသောအခါ ဂျာမီလီသည်ကြောက်စိတ်များပြေလျော့ လာပါသည်။ ထို့နောက်မျက်ရည်ကျ၍"ကျွန်မမိဘများနှင့်ပိုကောင်းတဲ့ဆက်ဆံရေး ကိုရလိုပါတယ်" လို့ပြောပြခဲ့ပါသည်။ ကာစီက "သမီး၊ ရေပေါ်အသင်းတော်ရဲ့တစိတ် တဒေသဖြစ်လိုသလား" ဟုမေးလိုက်ပါသည်. "တရားပွဲကိုလာချင်သလား" လို့ဆက် ပြီးမေးပါသည်။ ကမ်းကပ်ထားသောအဖြူရောင်သင်္ဘောကြီးကိုဂျာမီလီ မြင်တွေ့

ပြီးနောက်ခရစ်ယာန်အဖွဲ့အစည်းတစ်ခုမှဆရာဝန်၊သူနာပြုများကိုခေါ်လာ၍ကျန်းမာရေးအခမဲ့စစ်ဆေးပေးမည်ဟုထင်မိသည်။

ဒီသဘော်သည်ကာစီနှင့်အဖွဲ့သားများ၏အိမ်ဖြစ်၍သတ္တမနေ့အသင်းတော်ဘုရားကျောင်းလည်းဖြစ်ပါသည်။ ရွာထဲတွင်ရွာသားများကိုမိတ်ဆွေဖွဲ့ ၍တရားပွဲသို့လာရန်ဖိတ်ခေါ် ခဲ့ပါသည်။

ဂျာမီလီသည်ထိုရေပေါ်အသင်းတော်သို့သွားရန်သဘောတူလိုက်သည်။တဖန်ငိုမိပြန်သည်။ သူမ၏မိဘများသည် အိမ်ထောင်ကွဲခဲ့သည်။ ၂နှစ်ပင်ရှိခဲ့ပြီးဖြစ်သည်။ ဂျာမီလီ၏ရင်ဖွင့်ချက်များကိုဆရာကာစီနားထောင်ပေး၍အားပေးနှစ်သိမ့်စကားပြောသော်လည်းဂျာမီလီ အငိုမတိတ်သောကြောင့်သူမနှင့်အတူဒူးထောက်၍ဆုတောင်းကြပါသည်။

ထိုနေ့မှစ၍ဂျာမီလီသည်သူမ၏မိဘများအတွက်ဆုတောင်းပေးပါသည်။ ရေပေါ်အသင်းတော်သို့ ညစဉ်သွားခဲ့ပါသည်။ ကျမ်းစာအကြောင်း၊မိသားစုအကြောင်း၊ကျန်းမာရေးနှင့်ပတ်သက်သောအကြောင်းများကိုကြားနာရ၍ပျော်ရွှင်မိပါသည်။ဂျာမီလီသည် မိခင်ကိုလည်းသူမနှင့်အတူတရားပွဲတက်ရန်ဖိတ်ခေါ်သောအခါမိခင်လည်းလက်ခံခဲ့ပါသည်။

တစ်လကြာပြီးနောက်ဂျာမီလီသည်ခရစ်တော်ကိုလက်ခံပြီးရေ၌နှစ်ခြင်းခံယူသောအခါထိုအခိုက်အတန့်သည်သူမ၏အကောင်းဆုံးအချိန်ဖြစ်ခဲ့သည်။ သူမ၏အပြစ်များကိုအမေဇုန်ရေသ၌ချိုင်း၌မြှုပ်နှံ၍ ခရစ်တော်၏သားစစ်သမီးမှန်ကဲ့သို့ရေပေါ် သို့တဖန်ပြန်ထ၍ မွေးဖွားလာခဲ့ပါသည်။ အခြားရွာမှလူများလည်း နှစ်ခြင်းခံခဲ့ပါသည်။

ဂျာမီလီသည် နှစ်ခြင်းခံယူပြီးနောက် ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်များသည် ရေပေါ်အသင်းတော်မှရွာရှိ ဘုရားကျောင်းတွင်ပြုလုပ်ဆောင်ရွက်ရန် ရွှေ့ပြောင်းလိုက်သည်။ ဂျာမီလီနှင့်အခြားရွာသူရွာသားများရေပေါ်အသင်းတော်၌ကျမ်း

စာသင်တန်းတက်နေစဉ် ဆောက်လုပ်သောရွာအတွက်ဘုရားကျောင်းဖြစ်သည်။ ဥပုသ်နေ့၌ဝတ်ပြုကိုးကွယ်ရန်ထိုဘုရားကျောင်းသို့ဂျာမီလီသွားခဲ့ပါသည်။

တနင်္ဂနွေနေ့နှင့်ဗုဒ္ဓဟူးနေ့များတွင်ကျင်းပသောဆုတောင်းအစည်းအဝေးများတွင် ဂျာမီလီ ပုံမှန်တက်ရောက်ခဲ့ပါသည်။ အသင်းသားအသစ်များကိုမိမိရရှိသောခရစ်တော်၏မေတ္တာနှင့် ကိုယ်တော်၏မြင့်မြတ်ကြောင်းကို အခြားသူများအား မည်သို့ဝေငှရမည်ကိုသင်ကြားသောသင်တန်းသို့လည်း မပျက်မကွက်တက်ရောက်ခဲ့သည်။ သို့သော်သူ၏မိဘများနှင့်ဆက်ဆံရေးတွင်တိုးတက်မှုမရှိခဲ့ပါချေ။

ရေပေါ်အသင်းတော် သဘော်ပြန်လည်ထွက်ခွာသွားပြီးနောက်၊ သူ၏မိဘနှစ်ပါးသည်ဘုရားကျောင်းမတက်တော့ပေ။ အခြေအနေတင်းမာကြီးထွားလာခဲ့ပါသည်။ ဂျာမီလီသည်ဆက်၍သာဆုတောင်းခဲ့ပါသည်။ တစ်နေ့တွင်ဖခင်ဖြစ်သူမှာသတ္တမနေ့အသင်းတော်၏ဘုရားကျောင်းသို့တက်ရောက်လာခဲ့သည်။ ထိုအကြောင်းကိုသူမ၏သူငယ်ချင်းကဂျာမီလီကိုဖုန်းဆက်၍ပြောခဲ့သည်။ သူမအဝေးသို့ရောက်ရှိနေ

ချိန်၌ ထိုသတင်းကိုကြားရသောအခါ ဂျာမီလီသည်စိတ်လှုပ်ရှားလွန်း၍ထခုန်မိခဲ့ပါသည်။ ကိုယ်တော်သည်သူ၏ ဆုတောင်းသံကိုနားညောင်းမည်ကို သူမသိသည်။ ကိုယ်တော်၏မိသားစုများကို ပြန်လည်စုသိမ်းမည်ကိုလည်းသိသည်။

ဂျာမီလီနှစ်ခြင်းခံပြီးတစ်နှစ်ကြာပြီးသည့်နောက် "အမှုဆောင်တစ်နှစ်သာသနာပြုအသစ်" လူငယ်များသာသနာလုပ်ငန်း၌တစ်နှစ်တာဆက်ကပ်ပါဝင်ခြင်း၌သူမလည်းပါဝင်အမှုဆောင်ခဲ့သည်။ ဆရာကာစီ၊ သူမ၏ရွာ၌ဧဝံဂေလိသတင်းကောင်းလာရောက်ဝေငှသကဲ့သို့သူမလည်းဘရာဇီးလ်နိုင်ငံ၏အခြားနေရာဒေသများ၌ ထိုသတင်းကောင်းကိုဝေငှချင်သည်။ "ဘုရားသခင်၏အမှုတော်ဆောင်ရန်ဘယ်သောအခါမှအရှုံးမပေးနှင့်။

ဂျာမီလီကဲ့သို့ဝိညာဉ်များကိုမျှော်လင့်ခြင်းယူဆောင်ပေးသည့်ရေပေါ်အ
သင်းတော်သင်္ဘောကို ၂၀၁၆ ၊ ခုနှစ်၁၃ပတ်အလှူငွေဖြင့်ဝယ်ယူခဲ့ပြီးအမေဇုန်မြစ်ပေါ်
၌သွားလာ၍လူပေါင်းများစွာကိုသခင်ခရစ်တော်တဖန်ပြန်ကြွလာမည့်မျှော်လင့်ခြင်း
သတင်းစကားဝေငှနိုင်ရန် ဆုတောင်းပေးခြင်းဖြင့်သော်လည်းကောင်း၊ ငွေကြေးလှူ
ဒါန်းခြင်းအားဖြင့်သော်လည်းကောင်း ပါဝင်သောသူတစ်ဦးချင်းကို အထူးကျေးဇူး
တင်ပါသည်။

-၀-

"အလင်းနှင့်အသံ"

အောက်တိုဘာလ(၂၅)ရက်၊ ရေးသားသူ-အန်ဒရီရဲလာ(ဘရာဇီးလ်)

တစ်အိမ်တက်ဆင်းစာအုပ်လိုက်ရောင်းသူ အန်ဒရီရဲလာသည်ဘရာဇီးလ်
နိုင်ငံ၌ကိုဗစ် -၁၉ ရောဂါအကြီးအကျယ်ဖြစ်စဥ်ဘာသာရေးစာအုပ်များရောင်းရန်
ထွက်လာခဲ့သည်။ သူမအတွက်စိတ်ဝင်စားစရာမကောင်းသောအိမ်တစ်အိမ်ရှေ့၌
ရပ်နေမိသည်။

အိမ်ကိုကြည့်လိုက်ချိန်၌ပင် သူမ၌အင်အားကုန်ခမ်းသလိုခံစားမိသည်။ စံ
အိမ်မှာခမ်းနားထည်ဝါ၍နံရံမြင့်လွန်သောကြောင့်ဘာမျှမမြင်ရပေ။ သံတိုင်နောက်
ကွယ်၌သစ်ပင်ကြီးများအုပ်မိုးလျက်ရှိသည်ကို ဂိတ်တံခါးဝမှမြင်နေရသည်။ အန်ဒ
ရီရဲလာသည်ထိုနေရာမှထွက်သွားချင်သော်လည်းခြံတံခါးမှလူခေါ်ခေါင်းလောင်းတီး
ရန်ဆန္ဒဖြစ်ပေါ်လာသည်။ ထိုဆန္ဒကို သူမ ငြင်းဆန်၍မရနိုင်ပါ။

"ဟုတ်ကဲ့၊ ကိုယ်တော်ကျွန်မသွားပါမည်""ခေါင်းလောင်းသုံးကြိမ်တီး၍လူမ
ထွက်လာလျှင် ကျွန်မတာဝန်ကျေပြီးဖြစ်သောကြောင့် ဒီနေရာမှကျွန်မထွက်သွားပါ
မည်" ဟုရေရွတ်လိုက်ပါသည်။ ပထမတစ်ကြိမ်၊ဒုတိယတစ်ကြိမ်ခေါင်းလောင်းတီး

လိုက်သော်လည်းတုံ့ ပြန်မှုမရှိပါ။ တတိယအကြိမ်ခေါင်းလောင်းတီးလျှင်ဂိတ်တံခါးပွင့်လာ၍အမျိုးသမီးတစ်ဦးကိုတွေ့လိုက်ရသည်။

အန်ဒရီရဲလာသည်ထိုအမျိုးသမီးနားသို့တိုးကပ်သွားလိုက်သည်။ ထိုအမျိုးသမီးသည်သူမကိုအိမ်ထဲမဖိတ်ခေါ်မှန်းသိ၍ ထိုသို့တိုးကပ်သွားခြင်းဖြစ်သည်။ ကိုဗစ် -၁၉ ကြောင့်ဘယ်ဧည့်သည်မှအိမ်ထဲဝင်ခွင့်ပြုမှာမဟုတ်ပါ။ ထိုအမျိုးသမီးသည်အန်ဒရီရဲလာကို ဂိတ်တံခါးဝ၌အချိန်အကြာကြီးစိုက်ကြည့်နေပါသည်။ ပြီးနောက်တံခါးဖွင့်ပေး၍ "အထဲဝင်ပါ" ဟုမည်သည့်မေးခွန်းမှမမေးဘဲအိမ်ထဲဝင်ခွင့်ပေးလိုက်ပါသည်။

အန်ဒရီရဲလာသည်သူမကိုတံခါးလာဖွင့်ပေးသောအမျိုးသမီးသည်အငြိမ်းစားကျောင်းဆရာမတစ်ဦးဖြစ်၍ သူမ၏ခင်ပွန်းကထိုမြို့တွင်မြေအများအပြားပိုင်ဆိုင်သောလူကုံထံတစ်ဦးဖြစ်သည်။ ထိုအမျိုးသမီး၏နာမည်မှာ ဟေဒီ ဖြစ်သည်။

အန်ဒရီရဲလာသည်သူမကိုယ်ကိုမိတ်ဆက်ပေးပြီးနောက် သူမရောင်းတဲ့ဘာသာရေးစာအုပ်များအကြောင်းပြောပြလိုက်ပါတယ်။ ဟေဒီက ထိုစာအုပ်များကိုစိတ်ဝင်စားတဲ့အတွက်ဘုရားသခင်၏ကယ်တင်ခြင်းအကြောင်း အစမှအဆုံးအထိပြောပြလိုက်ပါတယ်။ "အပြစ်ဝင်ပြီးနောက်ခရစ်တော်လူဇာတိခံယူပြီးလူသားနှင့်အတူနေထိုင်ခဲ့သည်"။ အန်ဒရီရဲလာကဆက်ပြီးတော့ "လူဇာတိခံယူပြီးလူသားတစ်ဦးကဲ့သို့အပြစ်ထဲ၌နေထိုင်ခဲ့သည်" ဟု ပြောပြပါသည်။

ထာဝရအသက်ရရန်အခွင့်ကိုခရစ်တော်လူသားများကိုပေးခဲ့သည်။မကြာခင်နောက်တဖန်မိုးတိမ်ကိုစီး၍ သန့်ရှင်းသူများကိုခေါ်ဆောင်ပြီးအိုနာသေခြင်းများကင်းသောကောင်းကင်သို့ဝင်စားခွင့်ပေးမှာဖြစ်ပါသည်။ အန်ဒရီရဲလာလည်း ခရစ်တော်နှင့်အမှန်တကယ်နေချင်ကြောင်းနှင့်သူမသည်ဟေဒီနှင့်ကောင်းကင်၌ဆုံတွေ့ချင်ကြောင်း၊ ဟေဒီကိုလည်းကောင်းကင်နိုင်ငံရောက်စေလိုကြောင်းပြောလိုက်

သောအခါ ဟေဒီလည်းငိုချလိုက်ပါတော့သည်။ ဟေဒီလည်းသူမ၏အကြောင်းကို အန်ဒရီရဲလာအား ပြောပြပါတော့သည်။

“သမီး၊ တံခါးခေါင်းလောင်းတီးချိန်မှာအိမ်ထဲကိုဝင်ခွင့်ပေးဖို့စိတ်ကူးမရှိပါဘူး။””ဒါပေမယ့်တံခါးဝကိုကြည့်လိုက်ချိန်မှာသမီးရဲ့နံဘေးမှာအလင်းရောင်တွေတောက်ပနေပြီးသူမကိုဝင်ခွင့်ပေလိုက်ပါဆိုတဲ့အသံတစ်ခုကို ကြားလိုက်ရပါတယ်” လို့ ဟေဒီက ပြောပြပါတယ်။ “ငါကဘယ်ညှော့သည်ကိုမှအိမ်ထဲကိုပေးဝင်လေ့မရှိပေမယ့် အဲဒီအလင်းရောင်နဲ့ အသံကြောင့် သမီးကိုပေးဝင်ခဲ့တာ” ဆက်ပြောပြပါတယ်။

ဟေဒီသည် သူ၏ချမ်းသာကြွယ်ဝမှုထဲ၌ဘဝကိုခက်ခဲစွာအသက်ရှင်ခဲ့ရပြီး၊ မျှော်လင့်ချက်မဲ့စွာ၊မေတ္တာ၊ငြိမ်သက်ခြင်းနှင့်ပျော်ရွှင်ခြင်းများလည်းပျောက်ဆုံးသွားခဲ့သည်။ လေးကြိမ်တိုင်တိုင်မိမိကိုယ်ကိုအဆုံးစီရင်ရန်ကြိုးစားခဲ့သော်လည်း သူမ၏သားမှတားဆီးနိုင်ခဲ့သည်။ ဟေဒီထံ သူမကိုဘုရားသခင်စေလွှတ်ခဲ့သည်ဟုအန်ဒရီရဲလာယုံကြည်၍ “ရှင့်ဆီကိုဘုရားသခင်ကကျွန်မကိုစေလွှတ်လိုက်တာ” လို့ ဟေဒီကိုပြောလိုက်ပါသည်။

“ရှင့်မှာ၊မျှော်လင့်ချက်တဖန်ရှိလာဖို့ကိုယ်တော်၏ကယ်တင်ခြင်းအကြောင်းပြောပြဖို့ကျွန်မကိုစေလွှတ်လိုက်တာ” လို့ဆက်ပြောလိုက်ပါတယ်။ ထိုနေ့ကစ၍အမျိုးသမီးနှစ်ဦးသည်မိတ်ဆွေများဖြစ်လာသည်။ ထိုနေ့မှစ၍ဘုရားသခင်သည်သူမကိုချစ်၍ သူမကိုဆက်၍ အသက်ဆက်ရှင်စေလိုကြောင်းပထမဆုံး ဟေဒီ ခံစားမိလာသည်။

ဆန်ဒရီရဲလာကဲ့သို့ လူငယ်များစွာကိုမွေးထုတ်ပေးရန်လိုအပ်လျက်ရှိသောပါနန်ဘူကာနိုသတ္တမနေ့အသင်းတော်ကျောင်းကိုကူညီမစရန်ဖြစ်သည်။ ယခု ၁၃ ပတ်အလှူငွေအားဖြင့်ထိုကျောင်းတော်ကိုကူညီရန်အလှူငွေများရက်ရောစွာပေးကမ်းလှူဒါန်းရန် လေးစားစွာဖြင့် တောင်းဆိုအပ်ပါသည်။

-၀-

"ကောင်းကင်နိုင်ငံသားဖြစ်ရန်သင်ကြားပေးခြင်း"

နိုဝင်ဘာလ(၁)ရက်၊ ရေးသားသူ-ဝါရှင်တန်(ဘရာဇီးလ်နိုင်ငံ)

ဝါရှင်တန်သည်ဘရာဇီးလ်နိုင်ငံ၏အနောက်မြောက်ပိုင်း၌ရှိသောကျောင်းတည်ရှိရာအနီးအနား၌ပင်နေထိုင်ခဲ့သည်။ သူ၏ဖခင်သည် ၁၉၄၃ ခုနှစ်၌ ပထမဆုံးဘွဲ့ရရှိသူတစ်ဦးဖြစ်ခဲ့သည်။ ဝါရှင်တန်သည်လည်းကျောင်း၌ပင်မွေးဖွားခဲ့သည်။ ကလေးဘဝကပင်ကျောင်းတက်၍စာများသင်ကြားရန်ရည်ရွယ်ချက်ရှိခဲ့ပါသည်။

အလုပ်မလုပ်ကိုင်ခင်အချိန်၌ပညာသင်ကြားခဲ့ပြီး ဘွဲ့ရကျောင်းသားတစ်ဦးဖြစ်ခဲ့သည်။ အိမ်ထောင်ကျပြီးနောက်သားတစ်ဦးရလာသောအခါသားငယ်ကိုလည်းပညာတတ်ဘွဲ့ရတစ်ဦးဖြစ်စေလိုခဲ့ပါသည်။

သို့သော်၂၀၀၀ ပြည့်နှစ်၌ ထိုဒေသ၌ ရေကြီးမှုဖြစ်ပွားခဲ့ပြီးကျောင်းများပျက်စီးခဲ့ပါသည်။ ဝါရှင်တန်အပါအဝင်မိဘများ၏မျှော်လင့်ချက်ဖြစ်သော ကျောင်းများပြိုလဲပျက်စီးသွားခဲ့ကြသည်။

နှစ်အနည်းငယ်ကြာပြီးနောက် ထိုဒေသရှိမြေကြီးကို သတ္တမနေ့အသင်းတော်မှဝယ်၍ကျောင်းပြန်ဆောက်မည်ဟုဝါရှင်တန်ကြားသိခဲ့ရသည်။ အတိုင်းထက်အလွန်သူပျော်ရွှင်ခဲ့ရသည်။ ကျောင်းအတွက်သူ့ဘဝ၏တစိတ်တပိုင်းမြှုပ်နှံမည်ဟူသောသူ၏ဆန္ဒများသည် တဖန်ရှင်သန်လာခဲ့သည်။

ထိုအချိန်၌ဝါရှင်တန်သည်ကျောင်းဆောက်မည့်နေရာနှင့်နာရီအတန်ကြာကားမောင်း၍သွားရမည့် ဘရာဇီးလ်၏နာမည်ကြီး ရစီဖို(Recife) မြို့၌ မိသားစုနှင့်နေထိုင်လျက်ရှိသည်။ ထိုမြို့၌လည်းအိမ်အများအပြားပိုင်ဆိုင်ထားသည်။ ပင်စင်ယူရန်အသက်အရွယ်ရလာပြီဖြစ်သည်။

အသက်အရွယ်သည် သူ့အတွက် ပြဿနာမဟုတ်ခဲ့ပါ။ ဘုရားသခင်ကို ကျောင်းဆီပြောင်းရွှေ့အလုပ်လုပ်နိုင်ခွင့်ရရန်သူဆုတောင်းခဲ့ပါသည်။ အလုပ်ပြောင်း ပေးရန်ဌာနမှူးထံ လျှောက်လွှာတင်ခဲ့ပါသည်။ အလုပ်ပြောင်းရွှေ့ခွင့်ရရန်မလွယ်ကူ ပါ။ သို့သော် ပင်စင်ယူခါနီးသောသူများကိုအလုပ်ပြောင်းရွှေ့ခွင့်ပေးတတ်သည်။

ဝါရှင်တန်ရဲ့အထက်လူကြီးကသူ့အား ဘရာဇီးလ်နိုင်ငံ၏အခြားပြည်နယ်သို့ ပြောင်းရန်ခွင့်ပြုပေးခဲ့သည်။ ဝါရှင်တန်က "ကျွန်တော် သတ္တမနေ့ အသင်းတော် ကျောင်းနဲ့နီးတဲ့နေရာမှာအလုပ်ပြောင်းရွှေ့ချင်ပါတယ်" လို့ယဉ်ကျေးစွာငြင်းဆိုခဲ့ပါ သည်။ "ပညာရေးကကျွန်တော့်အတွက်အရေးကြီးလို့ပါ" လို့ဆက်ပြော ပြောပြလိုက် ပါသည်။

"အဲဒီနေရာကိုသွားချင်တာသေချာသလား" လို့အထက်လူကြီးကမေးသော အခါ "ဟုတ်ကဲ့" လို့ဖြေလိုက်ပါတယ်။ "ပြီးပြီ" အရာရှိကပြောပြီး၊စာရွက်စာတန်းမှာ လက်မှတ်ထိုးပေး၍ "အခု၊ ခင်ဗျားကိုသတ္တမနေ့အသင်းတော်ကျောင်းနားမှာအလုပ် တာဝန်ထမ်းဆောင်လို့ရပြီ" လို့ ပြောလိုက်ပါတယ်။

အစပိုင်း၌ဝါရှင်တန်ရဲ့ဇနီးနှင့်သားသည်ထိုသို့ပြောင်းရွှေ့မှုကြောင့် စိတ်လှုပ် ရှားမှုမရှိခဲ့ပါ။ ရစီဖီမြို့၌ နေထိုင်ရသောအသက်တာသည်သက်သောင့်သက်သာရှိ၍ လိုချင်သောအရာများကိုလွယ်ကူစွာဝယ်ယူနိုင်သော ဈေးဝယ်စင်တာများလည်းရှိပါ သည်။ သတ္တမနေ့အသင်းတော်ကျောင်း၏ပတ်ဝန်းကျင်မှာ တောအုပ်များနှင့်ဝန်းရံ လျက်ရှိပါသည်။ သို့သော်ဖခင်နောက်လိုက်ရန် သဘောတူလိုက်ကြသည်။

ကျောင်းနှင့်နီးသောနေရာ၌ ဝါရှင်တန်သည်မြေကွက်ဝယ်၍အိမ်ဆောက် လိုက်ပါသည်။ ရစီဖီမြို့ပေါ်မှ အိမ်၂လုံးကိုရောင်း၍ကျောင်းဆောက်ရာ၌အသုံးပြုရန် ငွေကြေးများလှူဒါန်းခဲ့ပါသည်။ ကျောင်းကို ၂၀၀၇ ခုနှစ်၌စတင်တည်ဆောက်ခဲ့၍ ဝါ ရှင်တန်လည်း စိတ်အားထက်သန်စွာပါဝင်ကူညီခဲ့သည်။ အလှူငွေကောက်ခံ၍ငွေ

ကြေးထည့်ဝင်ရန်လှုံ့ဆော်သူများ၌လည်း ပါဝင်ကာကျောင်းသားအသစ်များရရှိရန် ကူညီခဲ့ပါသည်။

ကျောင်းသားအသစ်များအတွက်ကျောင်းလခကိုစိုက်ထုတ်ပေး၍သူ၏အိမ် ကိုလည်းကျောင်းအုပ်ဆရာကြီးကို နေထိုင်စေခဲ့သည်။ သူနေထိုင်ရန်နောက်ထပ်အိမ် အသစ်ကိုထပ်မံတည်ဆောက်လိုက်ပါသည်။ ၂၀၁၄ခုနှစ်တွင် ထိုသတ္တမနေ့အသင်း တော်ကျောင်းကိုဖွင့်လှစ်နိုင်ခဲ့၍ ဝါရှင်တန်၏သား အိုင်ဂေါသည်စာရင်သွင်းသောပ ထမဦးဆုံးကျောင်းသားဖြစ်လာခဲ့ပါသည်။ ၁၀နှစ်သားအရွယ်ကျောင်းသားလေးဖြစ် ပါသည်။

ယခုတွင်ဝါရှင်တန်သည် အသက်၆၅နှစ်ပြည့်၍ ပင်စင်ယူပြီးနောက်တွင် လည်းကျောင်းအနီးအနားရှိအခွန်ရုံး၌ တာဝန်ထမ်းဆောင်လျက်ရှိသည်။ သူ၏သား အိုင်ဂေါသည်လည်းသတ္တမနေ့အသင်းတော်ကျောင်း၌ အထက်တန်းအောင်၍တက္က သိုလ်၌ဆက်၍ ပညာသင်ကြားလျက်ရှိသည်။

ပါနန်ဘူကာနို သတ္တမနေ့အသင်းတော်ကျောင်း၏ ဒေါက်တိုင်ကဲ့သို့ ထို ကျောင်းကိုဝါရှင်တန်မည်မျှလောက်ချစ်ကြောင်းသူ၏စကားများ၌ပင်ကားသိနိုင်ပါ သည်။ ဝါရှင်တန်၏မျိုးရိုးစဉ်ဆက် ၃ဆက်ထိ၊ ထိုကျောင်း၌ပညာသင်ခွင့်ရကြောင်း အမြဲဂုဏ်ယူကျေနပ်စွာပြောကြားလေ့ရှိသည်။ ဒီကျောင်းတော်ကြီး၏အနီးအနား၌ ပင်အသက်တာကိုမြှုပ်နှံ၍ ဆက်လက်အသက်ရှင်မည်ဟုဆုံးဖြတ်လျက် “ဒီကျောင်း တော်ကြီး ပါနန်ဘူကာနို သတ္တမနေ့အသင်းတော်ကျောင်းဟာတမလွန်ဘဝအတွက် သင်ကြားပေးပြီး၊ ကျောင်းသားများကိုကောင်းကင်နိုင်ငံသွားသောလမ်းကိုညွှန်ပြ ပေးသောကျောင်းဖြစ်ပါတယ်” လို့သူယုံကြည်ထားပါသည်။

ယခုအပတ် ၁၃ ပတ်အလှူငွေဟာ ပါနန်ဘူကာနိုကျောင်းတော်ကြီးကို ကျောင်းသား ၅၀၀ ဆံ့ကျောင်းကြီးအဖြစ်အဆင့်မြင့် တိုးချဲ့ရန်ဖြစ်သောကြောင့်အ လှူငွေများအားဖြင့်ရက်ရောစွာပါဝင်လှူဒါန်းပေးရန် လေးစားစွာတင်ပြအပ်ပါသည်။

-၀-

“ဘုရားသခင်၏လိုင်းပေါ်မှခေါ်သံ”

နိုဝင်ဘာလ (၈)ရက်၊ ရေးသားသူ-ဆမ်မြူရယ်၊ ချီလီနိုင်ငံ၊

ချီလီနိုင်ငံ၊တက္ကသိုလ်မှာတက်ရောက်ပညာသင်ကြားလျှက်ရှိသော ဆမ်မြူရယ်သည်ဘာကြောင့်သူစာမေးပွဲကျသည်ကိုနားမလည်ပါ။ အထက်တန်းကျောင်းသားဘဝ၌ အကောင်းဆုံးအောင်မြင်ရန်လုပ်ဆောင်နိုင်ခဲ့ပါသည်။ တက္ကသိုလ်ပထမနှစ်၏ပထမနှစ်ဝက်စာမေးပွဲ၌အက္ခရာသင်္ချာ၊ပုစ္ဆာသင်္ချာ၊ရူပဗေဒနှင့်ဓာတုဗေဒဘာသာရပ်များတွင် မအောင်မြင်ခဲ့ပေ။ ထိုဘာသာရပ်များအောင်မြင်ရန်လိုအပ်သည်။ သို့မှသာလျှင်လျှပ်စစ်အင်ဂျင်နီယာ ဖြစ်နိုင်ပါမည်။

ဒုတိယနှစ်စာမေးပွဲ၌ လည်းပို၍မထူးလာပေ။ နောက်ဆုံးစာမေးပွဲကြီးအတွက်ကြိုးစားပြင်ဆင်နေစဉ်စာလေးတစ်ကြောင်းလက်ခံရရှိခဲ့သည်။ ဆမ်မြူရယ်အတွက်လူမှုကွန်ရက်ပေါ်တွင်ဆွေမျိုးတစ်ယောက်မှတင်လိုက်သော “ဆမ်မြူရယ်၊ဘာသာရေးလိုင်းကိုပြောင်းပြီးလေ့လာပါလား” ဆိုသောစာဖြစ်သည်။ ဒီလူမှုကွန်ရက်ပေါ်မှစာသည်အသင်းတော်မှဆရာများကိုကျေးဇူးတင်ကြောင်းပြောသောအခါသမယအချိန်က တင်ထားသောစာဖြစ်ပါသည်။

ထိုစာသည် ဆမ်မြူရယ်အတွက်အံ့အားသင့်စေသည်။ ထိုဆွေမျိုးသည်သူ့အားနှုတ်ဆက်ကြောင်း၊ကျန်းမာကြောင်းမေးဟန်မတူကြောင်း ဆမ်မြူရည်ခံစားမိသည်။ “နေကောင်းလား” ဟုစာပြန်၍မေးလိုက်သည်။ “ကောင်းတယ်၊ငါဘာသာရေးနဲ့ဆိုင်တဲ့ဘာသာရပ်ကိုလေ့လာနေတယ်” လို့ ဆွေမျိုးများကစာပြန်ပါသည်။ဆမ်မြူရယ်တရားဟောဆရာဖြစ်လာရန် တစ်ဦးတစ်ယောက်မှတိုက်တွန်းခြင်းသည်ယခုအခါပထမအကြိမ်မဟုတ်တော့ပါ။ ထိုကြောင့် ပထမအကြိမ်၌ဖြေခဲ့သလိုပင် သူပြန်ဖြေကြားခဲ့သည်။

"ကျွန်တော် အသင်းသားများထံလည်ပတ်သွားလာခြင်း၊တရားဟောခြင်း၊ အသင်းတော်အလုပ်များလုပ်ကိုင်ခြင်းများလုပ်ဆောင်ရန်ဘာသာရေးလေ့လာစရာမလိုအပ်ပါဘူး" လို့ ပြန်ဖြေခဲ့ပါသည်။ "ဒါပေမယ့်၊ ဘုရားသခင် ကျွန်တော့်ကိုခေါ်ရင်တော့ကျွန်တော်လုပ်ဆောင်ပါ့မယ်" လို့ဆက်ပြီးရေးလိုက်ပါတယ်။ တဘက်ကဆွေမျိုးကလည်း "ဆမ်မြူရယ်၊ဆုတောင်းပါ" လို့စာပြန်လာပါသည်။ ဆမ်မြူရယ်သည် ဘုရားသခင်ကိုဆုတောင်းရန်သဘောတူခဲ့သည်။

စာမေးပွဲကြီးအတွက်ပြင်ဆင်စဉ် ကောင်းကင်သို့မော့ကြည့်၍ "ကိုယ်တော်ကျွန်တော့်ကိုခေါ်တာဆိုရင်ကျွန်တော်မငြင်းပါဘူး။ ဒါပေမယ့်ကိုယ်တော်ခေါ်သည်ဆိုတာကိုတော့သေချာစေပါ။ ကျွန်တော့အတွေးတွေခေါင်းထဲမှာမရှုပ်ထွေးချင်ပါဘူး" ဟု ဘုရားသခင်ကိုစကားပြောခဲ့ပါသည်။

သူယူထားသောဘာသာရပ်များကို ပြောင်းလိုက်ခြင်းသည် အရှုံးပေးလိုက်ခြင်းနှင့်တူပါသည်။ အင်ဂျင်နီယာဘာသာရပ်ကိုထားခဲ့ပြီး၊ ချီလီနိုင်ငံ၏ဝေးလံသောသတ္တမနေ့အသင်းတော်၏တက္ကသိုလ်သို့သွားရောက်ခြင်းက ဆမ်မြူရယ်၏မိဘများကိုစိတ်ပျက်ခြင်းဖြစ်စေနိုင်သည်။

သမ္မာကျမ်းစာထဲကအာဗြဟံအကြောင်း ဆမ်မြူရယ် သတိရမိပါသည်။ ဘယ်အရပ်ကိုသွားရမည်ကိုမသိဘဲလျက်ဘုရားသခင်၏အလိုတော်အတိုင်းထွက်သွားခဲ့သည်။ ခရစ်တော်၏တပည့်တော်များသည်လည်းကိုယ်တော်၏နောက်တော်သို့မည်သို့လိုက်ခဲ့ရကြောင်းသူပြန်အောက်မေ့လာသည်။ သခင်ယေရှုကိုငြင်းပယ်သောသူများကိုလည်း သူသတိရမိလာပါသည်။

သခင်ခရစ်တော်နောက်လိုက်ရန်မိဘများကိုအရင်နှုတ်ဆက်ပါရစေ။ ကိုယ်ဥစ္စာများကိုစီမံခွဲဝေပေးပါရစေဟု စသဖြင့်အကြောင်းပြ၍ သခင်ယေရှုကိုငြင်းပယ်သောသူများတွင်ဆမ်မြူရယ်မဖြစ်လိုပါ။ထို့ကြောင့်ဆမ်မြူရယ်ဆက်၍ဆုတောင်းပါသည်။ သူဆုတောင်းချိန် တတိယအပတ်ထဲသို့ရောက်သောအခါသူ၏အတွေးထဲ၌

သူနှစ်ခြင်းခံစဉ်ကဖတ်သောကျမ်းပိုဒ်အကြောင်းအရာကို မှတ်မိစေသည်။ သာမန်အချိန်များတွင်ထိုသို့ကျမ်းပိုဒ်ဖတ်ရန်ထုံးစံမရှိပေ။

သို့သော်သူလေ့လာလျက်ရှိသော မဿဲ၂၈း၁၉၊၂၀ ကိုသူရေနှစ်ခြင်းခံချိန်၌ ဖတ်ရွတ်ရန်ရွေးချယ်ခဲ့သည်။ "သင်တို့သွား၍လူမျိုးတကာတို့ကိုငါ့တပည့်ဖြစ်စေလျက်၊ခမည်းတော်၊သားတော်၊သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။ ငါသည်သင်တို့အားပေးသမျှသောပညတ်တော်တို့ကိုစောင့်ရှောက်စေခြင်းငှါဆုံးမသြဝါဒပေးကြလော့။ ငါသည်လည်းကပ်ကမ္ဘာကုန်သည်တိုင်အောင်သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အားမိန့်တော်မူ၏။" ထိုကျမ်းချက်ကို စဉ်းစားမိစဉ် ဘုရားသခင်သည်သူ့အားတရားဟောဆရာဖြစ်ရန် အလိုတော်ရှိသည် ဟုသိမြင်လာသည်။

ဆမ်မြူရယ်သည် သူ၏နာမည်ကိုသတိပြုမိသည်။ ကျမ်းစာထဲကဆမ်မြူရယ်၏မိဘများအကြောင်းကိုလည်းသတိရလာသည်။ ဆမ်မြူရယ်သည်သူ၏မိဘများအကြောင်းကိုလည်းသတိရလာသည်။ အဖေသည်အမေနှင့်လက်မထပ်ခင်ကဝေးစေ့ကင်ဆာရောဂါခံစားနေခဲ့ရသည်။ အသက်ဆုံးရှုံးလုနီးပါးဖြစ်ခဲ့သည်။ထိုရောဂါကိုဆရာဝန်နှင့်ခွဲစိတ်ကုသကာပျောက်ကင်းစေခဲ့သည်။ ဆရာဝန်ကသူ့ဖခင်အားကလေးယူရန်မဖြစ်နိုင်ပါဟု သတိပေးစကားပြောခဲ့သည်။ သို့သော်ဘုရားသခင်၌အခြားအစီအစဉ်ရှိနေခဲ့သည်။

ဆမ်မြရယ်၏မိဘများသည်လက်ထပ်ပြီးနောက်၌ ကလေးရရှိရန်ဘုရားသခင်ထံ၌ဆုတောင်းခဲ့ကြသည်။ သားဦးလေးရလာသောအခါ ဆမ်မြူရယ် ဆိုသောနာမည်ကိုကင်ပွန်းတပ်ရန်ရွေးချယ်ခဲ့ကြသည်။ "ကိုယ်တော်ကိုတောင်းလျှောက်သည်" ဟုအဓိပ္ပါယ်ရသော ဆမ်မြူရယ်ဟုမှည့်ခေါ် ခဲ့သည်။ ဆမ်မြူရယ် ကိုဘုရားသခင်အမှုဆောင်ရန်ဆက်ကပ်ထားခဲ့ပါသည်။

ဆမ်မြူရယ်သည် သူ၏ အံ့ဘွယ်မွေးဖွားလာမှုနှင့်နှစ်ခြင်းခံယူစဉ်ကရွတ်ခဲ့သောကျမ်းပိုဒ်ကိုသတိရပြန်သောအခါ "အဖ၊ကိုယ်တော်၏ခေါ်တော်မူခြင်းကိုကျွန်တော်လက်ခံပါ၏။ ယခု မိဘများကိုခွင့်တောင်းရန်ကူညီပါ" ဟုဆုတောင်းလိုက်ပါသည်။

ဆမ်မြူရယ်၏ဆုံးဖြတ်ချက်ကို မိခင်ဖြစ်သူက "အင်ဂျင်နီယာကသားနဲ့မလိုက်ဖက်ဘူးဆိုတာအမေသိတာပေါ့" လို့တုံ့ ပြန်ပြီး ချက်ချင်းလက်ခံခဲ့သော်လည်း ဖခင်မှာလက်ခံရန်တုံ့ဆိုင်းနေခဲ့သည်။ သားဖြစ်သူကိုအင်ဂျင်နီယာတစ်ဦးဖြစ်စေလိုသောကြောင့်ငွေကြေးအကုန်အကျများစွာခံ၍ ပညာသင်ယူစေခဲ့သည်။ ဆမ်မြူရယ်၏ညီမသည် သတ္တမနေ့အသင်းတော်တက္ကသိုလ်၌ ပညာသင်ကြားလျက်ရှိသည်။ ဆမ်မြူရယ်သည်ထိုတက္ကသိုလ်သို့သွားရောက်ပညာသင်ကြားလျှင် အိမ်၌သားသမီးမရှိ၍ခြောက်ကပ်သွားတော့မည်။ အဆုံး၌ဘုရားသခင်၏ခေါ်တော်မူခြင်းကိုသူ၏ဖခင်မှလက်ခံ၍ ဘာသာရေးပညာကိုလေ့လာရန် ခွင့်ပြုပေးခဲ့သည်။

ဆမ်မြူရယ်သည်သူတက်ရောက်သောအင်ဂျင်နီယာကောလိပ်ကိုထားခဲ့ပြီး ချီလီနိုင်ငံ၊ သတ္တမနေ့အသင်းတော်တက္ကသိုလ်သို့ကျောင်းမဖွင့်ခင်တစ်ပတ်အလို၌ ရောက်သွားခဲ့သည်။ ဆမ်မြူရယ်၏ဆွေမျိုးတော်သူကတော့သူ့ကြောင့်စိတ်လှုပ်ရှားလျက်ရှိသည်။

ယနေ့တွင် ချီလီနိုင်ငံသတ္တမနေ့အသင်းတော်တက္ကသိုလ်၌တရားဟောဆရာတစ်ဦးဖြစ်လာရန် ဘာသာရေးပညာရပ်များကိုသင်ယူလေ့လာနေသောဆမ်မြူရယ်သည်အသက် ၂၁ နှစ်ရှိခဲ့ပါပြီ။ "ဘုရားသခင်ကျွန်တော့်ကိုခေါ်တော်မူသောကြောင့်ကျွန်တော်ဝမ်းမြောက်မိပါသည်။ ကိုယ်တော်နောက်တော်သို့လိုက်ရန်ကျွန်တော်ဆန္ဒရှိပါသည်" ဟု ဆမ်မြူရယ် ပြောကြားခဲ့ပါသည်။

ယခု ၁၃ ပတ်အလှူငွေသည်ချီလီနိုင်ငံ သတ္တမနေ့အသင်းတော်တက္ကသိုလ်၏ ဘော်ဒါဆောင်တိုးချဲ့ ရန်ကူညီပေးသွားမှာဖြစ်သည်။ ဘော်ဒါဆောင် နေရာမလုံ

လောက်သောကြောင့်ကျောင်းဝန်းပြင်ပ၌ ကျောင်းသားပေါင်းများစွာနေရာထိုင်ခင်းခက်ခဲလျှက်ရှိပါသည်။ ထိုကျောင်းတွင်ကျောင်းသားပေါင်း၃၀၀၀ ခန့်ပညာသင်ကြားနေ၍အများစုသည် မျှော်လင့်ခြင်းအသင်းသားများ မဟုတ်ကြပါ။ ထိုကြောင့်ရက်ရောစွာလှူဒါန်းကြပါရန် လေးစားစွာဖြင့်တင်ပြအပ်ပါသည်။

-o-

"အကျိတ်ပျောက်ကင်းရန်တောင်းလျှောက်ခြင်း"

နို၀င်ဘာလ(၁၅)ရက်၊ ရေးသားသူ- မာရီယာ(ချီလီနိုင်ငံ)

မာရီယာသည်ချီလီနိုင်ငံရှိဘုရားတရားရှိသော ခရစ်ယာန်မိသားစု၌ကြီးပြင်းခဲ့ရသူဖြစ်သည်။ အသင်းတော်မိသားစုလိုက်ပျော်ပွဲစားထွက်ကြသည်။ ပျော်ရွှင်စွာအသက်တာကိုဖြတ်သန်းကြသည်။ သို့သော် အသက်ငါးနှစ်အရွယ်မိန်းကလေးတစ်ဦး၏အသဲ၌ ကြီးမားသောအကျိတ်ကိုဆရာဝန်တွေတွေ့ရှိပြီးနောက်၊အားလုံးဝိုင်း၍ဆုတောင်းပေးကြသည်။

မာရီယာသည်သူမ၏အငယ်ဆုံးညီမလေးအိန်ဂျယ်၏အသက်ကိုကယ်တင်ပေးပါရန် ဘုရားသခင်ထံဆုတောင်းခဲ့ပါသည်။ မာရီယာသည်ညီအစ်မသုံးယောက်၌အကြီးဆုံးဖြစ်၍ အသက်၂၁ နှစ်သာရှိပြီး၊ အငယ်ဆုံးအိန်ဂျယ်မှာအသက်၅နှစ်သာရှိပါသေးသည်။

အိန်ဂျယ်၏ဆရာမသည်သူမ၏အကျိတ်အကြောင်းကိုကြားသိရသောအခါအသင်းတော်ကိုတင်ပြ၍ဝိုင်းဝန်းဆုတောင်းပေးခဲ့ကြသည်။ ထိုဆရာမသည်သတ္တမနေ့အသင်းတော်မှတရားဟောဆရာ၏ဇနီးဖြစ်သည်။ ထိုသို့ဝိုင်းဝန်းဆုတောင်းပေးခြင်းသည်မာရီယာ၏ စိတ်ကိုထိခိုက်ခဲ့သည်။ ထိုအသင်းသားများသည်သူတို့မသိသောအိန်ဂျယ်လေးအတွက် ဘာအတွက်ကြောင့်စိတ်ပါလက်ပါဆုတောင်းပေးနေကြရပါသလဲဟု မာရီယာ တွေးနေမိသည်။

အိန်ဂျယ်ခွဲစိတ်ရမည့်နေ့ ၌ မာရီယာခဏခဏဆုတောင်းမိသည်။ အိန်ဂျယ်နေပြန်ကောင်းလာလျှင် သတ္တမနေ့အသင်းတော်ဘုရားကျောင်းသို့သွားမည်ဟုသူမကတိပေးခဲ့ပါသည်။

"အိန်ဂျယ်ကို ကိုယ်တော်ကုသပျောက်ကင်းစေလျှင် ကျွန်မသတ္တမနေ့အသင်းတော်ဘုရားကျောင်းသို့သွားပါမည်။ ကိုယ်တော်ကျွန်မကို ထိုအသင်းတော်ဘုရားကျောင်းသို့တက်စေလိုသည်ကို ကျွန်မအားသေချာစွာပြသပေးပါ" ဟု သူမဆုတောင်းခဲ့သည်။

အိန်ဂျယ်ခွဲစိတ်မှုအောင်မြင်၍ဆေးရုံ၌လအနည်းငယ်ကြာတက်ရောက်ကုသမှုခံယူရ၍ပကတိကျန်းမာလာသောအခါအိမ်သို့ ပြန်ခွင့်ရခဲ့ပါသည်။ အိမ်သို့ အိန်ဂျယ်ပြန်ရောက်သောအခါ ဆရာမနှင့်သူမ၏ခင်ပွန်းတရားဟောဆရာတို့ ပုံမှန်လာရောက်လည်ပတ်၍ ဆုတောင်းပေးကြသည်။ မိသားစုများနှင့်ရင်းနှီးစွာဆက်ဆံ၍သူမတို့မိသားစုကိုစိတ်ဝင်စားပြီးဂရုစိုက်ကြောင်းကိုရိုးသားစွာပြသ၍ ပြန်လည်ထွက်ခွာသွားကြသည်။

မာရီယာအတွက်ထိုတရားဟောဆရာဇနီးမောင်နှံသည် လိုက်ဖက်သောချစ်သူစုံတွဲဟုသူမထင်ပြီး၊ ထိုစုံတွဲကဲ့သို့ချစ်စရာကောင်းသောစုံတွဲမျိုး သူမ မမြင်ဘူးပေ။ ထိုသူတို့၏အသက်တာ၌ခရစ်တော်၏ချစ်ခြင်းကိုမာရီယာမြင်ရသည်။၂နှစ်ကြာပြီးနောက် မာရီယာတို့တစ်မိသားစုလုံးအတူတူနှစ်ခြင်းခံယူခဲ့ကြသည်။ အိန်ဂျယ်လေးသည်အသက် ၇ နှစ်တွင်နှစ်ခြင်းခံယူခဲ့ပါသည်။

မာရီယာ၏မိသားစုနှစ်ခြင်းခံယူခဲ့သည်မှာ ခရစ်တော်ယေရှု၏နည်းလမ်းအတိုင်းကျင့်သုံးခဲ့ခြင်းကြောင့်ဖြစ်သည်။ အယ်လင်ဝှိုက်ရေးသားချက်၌ "သခင်ယေရှု၏နည်းလမ်းသာ လူသားတို့၏နှလုံးသားကိုရယူနိုင်၍ အောင်မြင်နိုင်သောနည်းဖြစ်သည်။ ကယ်တင်ရှင်သည် လူသားတို့၏အကျိုးကိုလိုလား၍ ထိုသူများနှင့်အတူအသက်ရှင်နေထိုင်ခဲ့သည်။ လူသားများအပေါ်စာနာသနားခြင်း၊ကြင်နာစွာဂရုစိုက်ပေး

ခြင်းနှင့်သူတို့၏ယုံကြည်မှုကိုရယူခဲ့သည်။ ပြီးနောက်မှ "ငါ့နောက်လိုက်ပါ" ဟုဖိတ်ခေါ် ခဲ့သည်။" (ပျော်ရွှင်ကျန်းမာခရစ်ယာန်သာသနာ စာ. ၇၃)

လပေါင်းများစွာထိုသာသနာပြုဆရာဇနီးမောင်နှံသည်သခင်ယေရှု၏နည်းလမ်းအတိုင်းကျင့်သုံးခဲ့သည်။ မာရီယာ၏ မိသားစုများနှင့်အတူအချိန်ပေးကာ အိန်ဂျယ်လေးပြန်လည်ကျန်းမာလာရန် မိသားစုနှင့်ထပ်တူမျှော်လင့်၍ခံစားမှုအတူမျှဝေပေးကာသခင်ခရစ်တော်ကိုလက်မခံလာခင်အချိန်အထိ သူမ၏မိသားစုများကိုကူညီမှုပေးခဲ့သည်။

ယနေ့တွင် ၃၅ နှစ်အရွယ်မာရီယာသည် ချီလီနိုင်ငံရှိသတ္တမနေ့အသင်းတော်တက္ကသိုလ်၌ အကြံပေးနှင့်ဆရာမအဖြစ်လုပ်ကိုင်လျက်ရှိသည်။ မာရီယာသည်သူမဘယ်မှာရှိရှိ၊ဘယ်ကိုရောက်ရောက်တရားဟောဆရာဇနီးမောင်နှံနှစ်ဦး၏ ဖေးမကူညီမှုအားဖြင့်ဘုရားသခင်သည် သူမဆုတောင်းချက်ကိုလက်ခံအဖြေပေးခဲ့ကြောင်းအစဉ် သက်သေခံလျက်ရှိသည်။

အီကွေဒေါ်နိုင်ငံ၌လည်း သတ္တမနေ့အသင်းတော်၏သာသနာပြုစေတနာ့ဝန်ထမ်းအဖြစ်တစ်နှစ်ထမ်းဆောင်စဉ် ထိုသက်သေခံချက်အားဖြင့် လူအများ၏အသက်တာကိုပြောင်းလဲစေခဲ့ပါသည်။ "သခင်ယေရှုကိုတွေ့ပြီးနောက်ပိုင်းကျွန်မ၏အသက်တာ၌ အံ့သြဘွယ်ရာများဆက်တိုက်တွေ့မြင်ခံစားရသည်" ဟု မာရီယာ ပြောခဲ့ပါသည်။

ယခုသုံးလပတ်အလှူငွေသည်ချီလီနိုင်ငံ၏ လုပ်ငန်းစဥ်နှစ်ခုအတွက်အသုံးပြုသွားမည်ဖြစ်သည်။ ပထမလုပ်ငန်းစဉ်သည် ချီလီ၏သတ္တမနေ့အသင်းတော်တက္ကသိုလ်တွင်အခန်း ၅၀ပါ ဘော်ဒါဆောင်ထပ်မံတည်ဆောက်ရန်ဖြစ်သည်။ ဒုတိယစီမံချက်မှာ ထိုတက္ကသိုလ်၏သာသနာပြုများကိုလေ့ကျင့်သင်ကြားပေးရန် စာသင်ခန်းငါးခန်းပါစာသင်ဆောင် ဆောက်လုပ်ရန်ဖြစ်သည်။ ထိုသင်တန်းမှ သင်တန်းသား၃၀ယောက်အား သာသနာပြုရန်ကမ္ဘာအရပ်ရပ်သို့နှစ်စဉ်စေလွှတ်သွားမည်ဖြစ်သည်။

နောက်တပတ်တွင် မာရီယာ၏ သာသနာပြုအနေနှင့်တွေ့ကြုံခဲ့ရသောအကြောင်းအရာများကို ဆက်လက်ကြားသိရမှာဖြစ်သည်။

-ဝ-

“အီကွေဒေါ ၌စွန့်စားခန်း”

နိုဝင်ဘာလ (၂၂)ရက်၊ ရေးသားသူ-မာရီယာ၊ချီလီနိုင်ငံ

မာရီယာသည် ညီမငယ်အိန်ဂျယ်၏အသဲကင်ဆာပျောက်ကင်းပြီးနောက်၊ ယုံကြည်ခြင်းလမ်းအသစ်ပေါ်စတင်လျှောက်လှမ်းခဲ့သည်။ သတ္တမနေ့အသင်းတော်၏ဘုရားသခင်မှကူညီမစခဲ့ကြောင်းနှင့်သူမ၏ဆုတောင်းသံကိုအဖြေပေးခဲ့ကြောင်း ယုံကြည်၍မိသားစုတစ်စုလုံးနှစ်ခြင်းခံယူခြင်းဖြင့်သတ္တမနေ့အသင်းသားများဖြစ်လာခဲ့ပါသည်။

အသင်းသားဖြစ်ရုံနှင့်မလုံလောက်ပါ။ ဘုရားသခင်သည်သူမအတွက်လုပ်ဆောင်ပေးခဲ့သောအရာများအတွက် ကိုယ်တော်ကိုကျေးဇူးတင်သောစိတ်နှင့်ပြန်၍ပေးဆပ်လိုပါသည်။ မာရီယာသည် ချီလီနိုင်ငံ၌ကလေးသူငယ်များကိုကူညီမစရာ၌ပါဝင်သူတစ်ဦးဖြစ်သည်။ ထိုအလုပ်သည် ကောင်းမွန်၍ဝင်ငွေရရှိရုံသာမက မိတ်ဆွေများလည်းရရှိခဲ့ပါသည်။

တစ်နေ့ ၌ “တခြားနိုင်ငံကိုပြောင်းပြီးသာသနာပြုအလုပ်မလုပ်ချင်ဘူးလား” လို့မာရီယာ၏ သူငယ်ချင်းတစ်ဦးက သူမအားပေးလိုက်ပါသည်။ သတ္တမနေ့အသင်းတော်ဌာနချုပ်မှစေတနာ့ဝန်ထမ်းသာသနာပြုများစေလွှတ်ရန်စီမံကိန်းအတွက်အဖွဲ့ဝင်ဖြစ်လာရန် မာရီယာကို သူမ၏သူငယ်ချင်းကဖိတ်ခေါ်လျက်ရှိသည်။

သတ္တမနေ့အသင်းတော်၏လူငယ်ညီလာခံသို့ မာရီယာတက်ရောက်သောအခါခေါင်းဆောင်မှသာသနာပြုရန်ဖိတ်ခေါ်လျက်ရှိသည်။ မာရီယာ မငြင်းဆန်ခဲ့ပါ။ “ကိုယ်တော်ကျွန်မကိုစေလွှတ်ပါ။ ကျွန်မရှိပါ၏။” ဟုဆုတောင်းလိုက်ပါသည်။

အီကွေဒေါနိုင်ငံ ဆန်တိုဒိုမင်ဂိုမြို့၌ ရှိသောကလေးများကိုစာသင်ပေးခြင်း၊ လူငယ်များကိုအကြံဉာဏ်ပေးခြင်းအားဖြင့် ဘုရားသခင်ကိုဆက်ကပ်သောအသက်တာဖြင့် မာရီယာသည်တစ်နှစ်ဆက်ကပ်၍ အမှုဆောင်ခဲ့ပါသည်။

အစပိုင်းတွင်နေရာအသစ်၌ နေသားကျရန် ရုန်းကန်ခဲ့ရသည်။ မိသားစုကိုလွမ်းနာကျခဲ့ရသည်။ ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်ရန်ခက်ခဲစွာကြိုးစားခဲ့ရသည်။ ချီလီနှင့်အီကွေဒေါနိုင်ငံသည် တောင်အမေရိကတိုက်၌တည်ရှိတာခြင်းတူညီသော်လည်း၊ ကမ္ဘာခြားနားသကဲ့သို့အစစအရာရာကွဲပြားနေသည်။

ဥပမာတစ်ခုအနေဖြင့်အီကွေဒေါနိုင်ငံ၏အစားအသောက်များသည်အရသာရှိသော်လည်း ချီလီနှင့်မတူပေ။ ချီလီ၌နံနက်စာကိုပေါင်မုန့်၊ ဒိန်ချဉ်၊လက်ဖက်ရည်နှင့်အသီးအနှံတစ်မျိုးမျိုးကိုပေ့ါပေ့ါပါးပါးစားကြသည်။ အီကွေဒေါတွင်မူနံနက်စာကိုထမင်း၊ပဲဟင်းနှင့်အသီးအရွက်ကြော်စားကြပါသည်။ အီကွေဒေါ၏နံနက်စာသည်ချီလီမှအမှုဆောင်အတွက် နေ့ခင်းစာကဲ့သို့ ဖြစ်နေပါသည်။

ခြင်များသောကြောင့်ခြင်ပြေးဆေးများသုံးသော်လည်းမထိရောက်ခဲ့ပေ။ မာရီယာခန္ဓာကိုယ်တစ်ခုလုံး၌ ခြင်ကိုက်ရာများနှင့်ပြည့်နှက်နေခဲ့သည်။ ချီလီ၏ရာသီဥတုမှာပူပြင်းသောနွေနှင့်ချမ်းအေးသောဆောင်းရာသီများဖြစ်သည်။ အီကွေဒေါ၏ရာသီဥတုမှာအီကွေတာနှင့်နီး၍မိုးရေစိုစွတ်ကာမိုးများသောဒေသဖြစ်သည်။ ရာသီဥတုကအစကွာခြားသည်။

ဘုရားသခင်ကိုချစ်၍ဆက်ကပ်ခြင်းအားဖြင့်သာမတူညီသောပတ်ဝန်းကျင်တွင်အဆင်ပြေရန်ချိန်ညှိ၍ နေထိုင်ရင်း ရက်သတ္တပတ်ပေါင်းများစွာကို ကျော်ဖြတ်ခဲ့ရသည်။

ဒေသခံတိုင်းရင်းသားများ၏ကလေးများသည်ကျောင်းသို့လာရောက်၍ပညာသင်ကြားကြသည်။ ထိုတိုင်းရင်းသားများကိုဆချီလာဟုခေါ် ပြီး၊ လူသားဆန်သူများဟုအဓိပ္ပါယ်ရသည်။ထိုတိုင်းရင်းသားဒေသခံများသည်ဆံပင်ကိုလိမ္မော်ရောင်

အဝါရောင်များဆိုးထား၍ဒေါင်လိုက်၊ အလျားလိုက် အဖြူ၊ အမဲအစင်းကြားစကတ်များဝတ်ဆင်ကြသည်။

ဒေသခံတို့၏ကလေးများသည်သခင်ယေရှုအကြောင်းကိုကျောင်း၌လည်းကောင်း၊ လမ်းစဉ်လူငယ်သင်တန်း၌လည်းကောင်း သင်ကြားခွင့်ရကြသည်။ သင်ကြားခဲ့ရသောအကြောင်းများကိုမိဘများထံပြန်ပြောပြကြသည်။ မာရီယာသည်ကျောင်း၌ဆရာမအဖြစ်အလုပ်လုပ်စဉ်ဒေသခံမိဘများနှင့်သူတို့၏ကလေးများသည်ဘုရားသခင်နှင့်ပို၍နီးကပ်သောအသက်တာနှင့်အသက်ရှင်ကြသည်ကို အံ့သြစွာမြင်တွေ့ခဲ့ရသည်။

မာရီယာသည်ကျောင်းဆရာမအလုပ်သာမက၊အသင်းတော်လှုပ်ရှားမှုတစ်ခုဖြစ်သော အရက်ဖြတ်စင်တာ၌လည်း ပါဝင်ဆက်ကပ်ခဲ့သည်။ အရက်ဖြတ်သောသူများကိုကျမ်းစာသင်ပေးခြင်း၊ ထိုသူများ၏စိတ်ဓါတ်ကိုလေ့ကျင့်ပေးရန် ကစားနည်းများ၊ ကစားပေးခြင်းဖြင့်ကူသပေးရသည်။ လူအများအပြားသခင်ခရစ်တော်ထံသူတို့၏အသက်တာကိုပေးအပ်ကာ နှစ်ခြင်းခံယူခဲ့ကြသည်။

အထူးသဖြင့်ကလေးသူငယ်များရှိသော အိမ်သို့သွား၍ ကျမ်းစာပုံပြင်များပြောပြကာကလေးများနှင့်အတူ ပြဇာတ်တိုလေးများလုပ်ကာ ကျမ်းစာသင်ပေးပါသည်။

ရက်မှနှစ်သို့ပြောင်းလာသောအခါသူမကိုယ်တိုင်မသိခဲ့သော သူမ၏ဝိညာဉ်ဆုကျေးဇူးကိုဘုရားသခင်ဖော်ပြပေးခဲ့သည်။ သူမ၌စာသင်ကြားပေးခြင်းဖြင့်လူတို့၏စိတ်အာရုံကိုဖမ်းဆုပ်နိုင်ကြောင်းသိခဲ့ရသည်။ သို့သော်ထိုဆုကျေးဇူးကိုအသုံးပြု၍လူတို့အားတိုက်တွန်းနှိုးဆော်ရန် သတိမပြုမိခဲ့ပေ။

မာရီယာသည်အရှက်အကြောက်ရှိသော်လည်း ယခုတွင် သူမ ရှိသောနေရာတိုင်း၌ ဘုရားသခင်၏မေတ္တာတော်အကြောင်းပြောရန် စတင်ကြိုးစားလာခဲ့သည်။ အသင်းတော်တိုင်း၌ သူမ၏အသက်တာအကြောင်းကိုသက်သေခံခဲ့သည်။ ညီမငယ်

အိန်ဂျယ်၏အသဲကင်ဆာပျောက်ကင်းစေရန် သူမဘယ်လောက် ဘုရားသခင်ကိုအကူအညီတောင်းခံခဲ့ရကြောင်း ပြန်၍သက်သေခံခဲ့ပါသည်။

ဘုရားသခင်သည်သူမ၏တောင်းလျှောက်သံကို မည်သို့နားညောင်းတော်မူပုံနှင့်သူမတို့မိသားစုတစ်စုလုံးနှစ်ခြင်းခံ၍ဘုရားသခင်ကို လက်ခံခဲ့ကြောင်းများကို ပြန်ပြောပြပါသည်။ သူမ၏ရိုးစင်းသောသက်သေခံချက်သည်သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်လူအများ၏စိတ်နှလုံးများကိုပြောင်းလဲစေခဲ့ကြောင်းအံ့သြစွာတွေ့ခဲ့ရသည်။

အမှုဆောင်ခြင်း၏တစ်နှစ်တာအဆုံးသည်သူမအတွက်ခက်ခဲခဲ့သည်။မာရီယာသည်ထိုသာသနာပြုရာဒေသမှမထွက်ခွာလိုပါ။ သို့သော်သူမပြန်လာပြီးနောက်ချီလီ၏သတ္တမနေ့အသင်းတော်တက္ကသိုလ်၏အကြံပေးနှင့်ဆရာမအဖြစ်ခန့်အပ်ခြင်းခံခဲ့ရသည်။ သူမဝမ်းမြောက်ခဲ့၍ "အီကွေဒေါ်၌အမှုတော်၌ပါဝင်ခဲ့ရပြီးနောက်ယခုတာဝန်အသစ်ခန့်အပ်ခြင်းခံရပါသည်" ဟု မာရီယာ ပြောခဲ့သည်။

ယခုအပတ် ၁၃ ပတ်အလှူငွေသည်မာရီယာ အမှုတော်ထမ်းဆောင်နေသောတက္ကသိုလ်၏သာသနာပြုအမှုဆောင်အသစ်များ သင်တန်းပေးရန်စာသင်ခန်း၅ခန်းနှင့်ကျောင်းသား ၂၅၀ ဆံ့ စာသင်ဆောင်ဆောက်လုပ်ရန်ဖြစ်သည်။ ထိုသင်တန်းမှနေရာအသီးသီးသို့နှစ်စဉ်အမှုဆောင် ၃၀ စေလွှတ်နိုင်ရန် ရည်ရွယ်ထားပါသည်။ ရက်ရောစွာလှူဒါန်းပေးခြင်းအတွက် အထူးကျေးဇူးတင်ပါသည်။

-ဝ-

"အသက်တာပြောင်းလဲခြင်းခရီးစဉ်"

နိုဝင်ဘာလ(၂၉)ရက်၊ ရေးသားသူ- ဗာရင်းနီးယား(ချီလီနိုင်ငံ)

အူဘာခရီးသည်ပို့ဆောင်ရေးနှင့်စီးနင်းလိုက်ပါခြင်းဖြင့် အသက်တာများကိုပြောင်းလဲစေခဲ့ပါသည်. ၁၉ နှစ်သမီး ဗာရင်းနီးယာသည် သတ္တမနေ့အသင်းတော်တ

က္ကသိုလ်၌ ပညာသင်ကြားစဉ် အူဘာသယ်ယူပို့ဆောင်ရေးယာဉ်များကို စီးနင်းခဲ့သည်။ ကားဒရိုင်ဘာသည် သူမတင်ဆောင်လာသောသံတိုင်များကိုသိချင်သောစိတ်နှင့်မေးမြန်းသောအခါ "ကျွန်မတို့ကျောင်းရဲ့လမ်းစဉ်လူငယ်များ၏တပတ်တာဆုတောင်းစည်းဝေးပွဲအတွက်ပြင်ဆင်ဖို့ပါ" လို့သူမပြန်ဖြေခဲ့သည်။ဒရိုက်ဘာမှစဉ်းစားဟန်ဖြင့် "လမ်းစဉ်လူငယ်ဆိုတာဘာလဲ"လို့ကပ်၍မေးသောအခါ"ကင်းထောက်လူငယ်အဖွဲ့အစည်းနဲ့တူပါတယ်။ဒါပေမယ့် ကျမ်းစာပေါ်မှာအခြေပြုတဲ့အဖွဲ့ပါ" လို့ ပြန်ဖြေလိုက်ပါတယ်။ "လူမှုပတ်ဝန်းကျင်မှာသာသနာပြုလုပ်ငန်းများကို ကျမ်းစာမှသွန်သင်ချက်များကိုအခြေပြုပြီးလုပ်ဆောင်ကြပါတယ်" လို့ထပ်၍ရှင်းပြပေးလိုက်ပါတယ်။ ဒရိုက်ဘာလည်းပို၍သိချင်လာပါတယ်။

"ဘယ်အသင်းတော်ကလည်း" သူကထပ်မေးလိုက်တဲ့အခါ ဗာရင်းနီးယာက "သတ္တမနေ့အသင်းတော်ကပါ" "ချီလီသတ္တမနေ့အသင်းတော် တက္ကသိုလ်ကျောင်းဝင်းထဲမှာနေတာလား" "ဟုတ်ကဲ့၊ကျွန်မအဆောင်မှာနေတာပါ" "ဒါဆိုသာသနာပြုအမှုဆောင်ပေါ့" "အိုမဟုတ်ပါဘူး၊ ကျွန်မကအခုမှပညာသင်နေတုန်းပါ" လို့ပြောလိုက်ပါတယ်။

သူတို့နှစ်ဦး၏စကားပြောဆိုမှုများသည်ဘုရားသခင်နှင့်ကျမ်းစာဖက်သို့ ဦးတည်သွားပါသည်။ "ရှင့်အိမ်မှာကျမ်းစာအုပ်ရှိလား""ရှိပါတယ်။ ကျွန်တော်မကြာခဏဖတ်ဖြစ်ပါတယ်။" "ကျွန်မနဲ့အတူကျမ်းစာကိုလေ့လာချင်သလား" လို့ ဗာရင်းနီးယားကမေးလိုက်ပါတယ်။ သူမရဲ့ကျောင်းကိုရောက်သွားချိန်၌အလံတိုင်များကိုချပေးပြီးထွက်ခွာသွားပါသည်။ ရက်အနည်းငယ်အကြာ၌ဗာရင်းနီးယားသည်ထိုဒရိုက်ဘာအိမ်သို့သွား၍သူ၏ဇနီး၊သမီးငယ်နှင့်အတူကျမ်းစာကိုလေ့လာကြပါသည်။

သေချာချက်တစ်ခုမှာအူဘာခရီးသည်တင်ယာဉ်ကိုစီးနင်းခြင်းအားဖြင့်ထိုယာဉ်မောင်းနှင့်မိသားစုများ၏အသက်တာကိုပြောင်းလဲမှုဖြစ်ပေါ်စေသကဲ့သို့ဗာရင်းနီးယား၏မိဘများ၏အသက်တာကိုလည်း ပြောင်းလဲစေခဲ့ပါသည်။ သူမ၏မိဘများ

သည် မာရင်နီးယာကို လမ်းစဉ်လူငယ်အဖွဲ့အစည်းနှင့်ဆက်သွယ်မှုမပြုနိုင်ရန်ဆီး တားကြ၍ချီလီသတ္တမနေ့အသင်းတော်တက္ကသိုလ်၌ ပညာသင်ကြားရန်ခွင့်မပြုလို ပါ။ ထိုတက္ကသိုလ်သည်သူမမိသားနှင့်နေထိုင်သောချီလီနိုင်ငံ၏မြို့တော် ဆန်တီယာ ဂိုနှင့်မိုင်ပေါင်း ၆၅၀ ဝေး၍လမ်းစဉ်လူငယ်အစီအစဉ်၌ ပါဝင်ခြင်းသည်ကျောင်းစာ ကိုထိခိုက်မည်ဟု အကြောင်းပြချက်ပေး၍ပိတ်ပင်ကြသည်။

ထိုကြောင့် မိဘများ၏ထောက်ပံ့မှုမရရှိဘဲ ချီလီသတ္တမနေ့အသင်းတော်တ က္ကသိုလ်၌ ပညာသင်ကြားရန် စာရင်းသွင်းခဲ့သည်။ ကျောင်းလခအတွက်ကျောင်းမှ ပေးအပ်သောထောက်ပံ့စရိတ်ကိုသာမှီခိုရမည်။ ထိုကြောင့်လမ်းစဉ်လူငယ်အဖွဲ့ ၌ လုပ်အားပေးအနေဖြင့်စတင်တာဝန်ထမ်းဆောင်ခဲ့ရသည်။

ကျောင်းတက်ရင်းနှင့်သူမ၏မိဘများနှင့်အဆင်ပြေရန်အချိန်အကြာကြီးဆု တောင်းခဲ့ရပါသည်။ အူဘာခရီးစဉ်အကြောင်းမိဘများကိုပြောပြချိန်၌မိဘများထိတ် လန့်သွားပါသည်။ "ဘယ်လိုလုပ်လိုက်တာလဲ" လို့ အမေကမေးလိုက်သည့်အခါ "ဘုရားသခင်နှင့်သန့်ရှင်းသောဝိညာဉ်တော်ကအကုန်လုပ်ဆောင်ပေးပါတယ်" လို့သူ မပြန်ဖြေလိုက်ပါတယ်။

မိဘများသည်ဘာမှသိပ်မပြောကြပါ။ သို့သော် ထိုနေ့မှစ၍မာရင်နီးဘာနှင့် သူမ၏မိဘများဆက်ဆံရေး ပိုမိုကောင်းမွန်လာသည်။ အူဘာကားဒရိုက်ဘာကိုသမီး ဖြစ်သူမှကျမ်းစာလေ့လာရန်စည်းရုံးနိုင်ခွင့်ဘုရားပေးသည်ဟု ကြားသိခဲ့ရပြီးနောက် မာရင်နီးယာကို ပို၍လွတ်လပ်ခွင့်ပေးခဲ့ကြသည်။

အူဘာနှင့်ခရီးသွားခြင်းက အသက်တာများကို ပြောင်းလဲပေးလိုက်နိုင်ခဲ့ပါ သည်။ "မိဘများ၏ ပြောင်းလဲခြင်းကိုတွေ့မြင်ရတဲ့အခါ ဘုရားသခင်နှင့်သန့်ရှင်း သောဝိညာဉ်တော်၏လုပ်ဆောင်ချက်ဆိုတာ ကျွန်မ တပ်အပ်ပြောနိုင်ပါတယ်" လို့ ပြောခဲ့သည်။

ယခုတစ်ပတ် ၁၃ ပတ်အလှူငွေသည်ချီလီနိုင်ငံ ချီလီယမ်မြို့၌ရှိသောသတ္တမနေ့အသင်းတော်၏တက္ကသိုလ်၌ ပညာသင်ကြားလျက်ရှိသောကျောင်းသားများအတွက်လိုအပ်သော ဘော်ဒါဆောင်တိုးချဲ့ ဆောက်လုပ်ရန် ဖြစ်သည်။ ကျောင်းသားပေါင်း ၃၀၀၀ တက်ရောက်လျက်ရှိသည်အနက်အများစုသည်သတ္တမနေ့အသင်းသားများမဖြစ်သေးပါ။ နေရာထိုင်ခင်းအခက်အခဲရှိသောကြောင့်ကျောင်းဝင်းအပြင်၌နေထိုင်ရပါသည်။ ယခုဆောက်လုပ်မည့်ဘော်ဒါဆောင်သည်ဘာသာရေးနှင့်ပညာရေးဘာသာရပ်များကိုလေ့လာလျက်ရှိသောကျောင်းသားများအတွက်ဖြစ်ပါသည်။ ပါဝင်လှူဒါန်းပေးခြင်းအတါက် အထူးကျေးဇူးတင်ပါသည်။

-ဝ-

“မမျှော်လင့်သောသာသနာပြုများ”

ဒီဇင်ဘာလ (၆)ရက်၊ ရေးသားသူ-အာဗဲရို၊နာတာလီနှင့်ကတ်တယ်လီနာ၊

အဝေးတွင်ရှိသောကျွန်း၌သာသနာပြုသွားရမည်ဟု အာဗဲရိုနှင့်နာတာလီဘယ်သောအခါမျှအစီအစဉ်မဆွဲထားခဲ့ပါ။ ဤဇနီးမောင်နှံသည်လွန်ခဲ့သော ၉ နှစ်၊ လက်ထပ်ပြီးချိန်မှစ၍ ပျော်ရွှင်စွာနေထိုင်ခဲ့ကြပါသည်။ အာဗဲရိုသည်သတ္တမနေ့အသင်းတော်၌အလုပ်လုပ်သောသွားဆရာဝန်ဖြစ်ပါသည်။ နာတာလီသည်သတ္တမနေ့အသင်းတော်တက္ကသိုလ်၌ ကာယကုထုံးနှင့်ကုသပေးသောဆရာမဖြစ်သည်။ထိုဇနီးမောင်နှံ၌ ကတ်တယ်လီနာဟုခေါ်သော သုံးနှစ်အရွယ်သမီးငယ်တစ်ဦး ရှိသည်။

တရားဟောစည်းဝေး၌သာသနာပြုစေတနာ့ဝန်ထမ်းအဖွဲ့ ၌ ပါဝင်ရန်ဖိတ်ခေါ်မှုကိုကြားခဲ့ရပါသည်။ ထိုသူနှစ်ဦးသည်ဘုရားသခင်မိမိတို့ကိုခေါ်နေသည်ဟုခံစားရသည်။ “ငါတို့မိသားစုလိုက်အမှုဆောင်လို့ရလား” လို့အချင်းချင်းမေးမိပါသည်။

အသက်အရွယ်ကြီးရင့်ပြီဟုလည်းခံစားရပါသည်။ စေတနာ့ဝန်ထမ်းသာသနာပြုသင်တန်းတက်ရောက်သောသူများသည် တက္ကသိုလ်ကျောင်းသားအရွယ်များသာဖြစ်ကြသည်။ အာဗဲရိုနှင့်နာတာလီတို့နှစ်ဦးစလုံးသည်၃၅နှစ်ရှိကြပြီးဖြစ်သည်။

ထိုဇနီးမောင်နှံသည်ထိုကြော်ငြာချက်ကိုပြောသောတရားဟောဆရာနှင့်သွားရောက်တွေ့ဆုံ၍သူတို့၏ထင်မြင်မှုကိုပြောပြလိုက်ကြသည်။ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရန်အသက်အရွယ်မရွေးခေါ်တော်မူကြောင်းဆရာမှပြန်ဖြေခဲ့ပါသည်။ ထိုသူနှစ်ဦးသည်သာသနာပြုဆောင်ရွက်ရန် သင်ကြားပေးသည့်သင်တန်းကိုတက်ရောက်ပြီးအလုပ်အတွက်လျှောက်လွှာတင်ခဲ့ပါသည်။ အလုပ်ခေါ်၍အလုပ်နေရာချပေးမည့်အချိန်ကိုစောင့်နေကြပါသည်။

အချိန်တိုအတွင်းမှာပင်သူတို့၏လျှောက်လွှာကိုလက်ခံ၍၊နှစ်ပတ်အတွင်းအီစတာကျွန်းသို့သာသနာပြုအနေဖြင့်သွားရောက်ရန်အကြောင်းကြားစာရောက်လာပါသည်။ သူတို့၏ဆုတောင်းသံကို လျင်မြန်စွာဘုရားသခင်အဖြေပေးတော်မူသည်ကိုအံ့သြလျက်ရှိသည်။သာသနာပြုရန်ပထမဆုံးအတွေ့အကြုံဖြစ်သည်။ကိုယ်တော်အုပ်စိုး၍ သူတို့နာခံရန်သာဖြစ်သည်။

၂ပတ်ကြာပြီးနောက် ထိုမိသားစုသည်အီစတာကျွန်းသို့ ငါးနာရီနှင့်မိနစ်၃၀ ကြာလေယာဉ်စီး၍ ကမ္ဘာကြီးနှင့်သီးခြားရှိသော လေယာဉ်ကွင်းသို့ဆင်းသက်ခဲ့ပါသည်။ ထိုနေရာနှင့်အနီးဆုံးလေယာဉ်ကွင်းမှာမိုင်ပေါင်း၂၃၅၀ ကွာဝေးသည်။ ယဉ်ကျေးမှုအလွန်ကွာခြားသောမိသားစုများ၏နှုတ်ဆက်မှုများနှင့်ကြုံတွေ့ရပါသည်။ချီလီနိုင်ငံတွင်ရှိမန်ကက်သလစ်ဘာသာကြီးစိုး၍ အီစတာကျွန်းပေါ်၌ မိရိုးဖလာရှေးရိုးကိုလက်ခံကြသည်။ ချီလီနိုင်ငံ၌လူတိုင်းစပိန်စကားပြောကြ၍ အီစတာကျွန်းပေါ်၌ ရာပါနူအီ ဘာသာစကား ပြောကြပါသည်။

ချီလီနိုင်ငံ၏နယ်နမိတ်သည်ကမ္ဘာ့အရှည်ဆုံးပင်လည်ကမ်းခြေနိုင်ငံဖြစ်၍ မိုင်ပေါင်း၂၆၅၀ ရှည်လျားသည်။ အီစတာကျွန်း၏နယ်နမိတ်သည်ကား၆၃မိုင်သာရှိ၍ကျွန်း၏မြို့တော် ဟန်ဂါရိုအာတွင် လူပေါင်း ၃၈၀၀ သာနေထိုင်ကြသည်။

ချီလီပြည်မ၌ အစားအသောက်အတွက် ပြဿနာမရှိသော်လည်း အီစတာကျွန်းပေါ်၌ပေါင်မုန့်ကိုခွဲတန်းနှင့်သာစားရပြီးရံဖန်ရံခါဂျုံမှုန့်ပင်မရှိတော့ပါ။အစားအစာများတင်ဆောင်လာသောသင်္ဘောများမှာတစ်ခါတရံလှိုင်းဒဏ်ကြောင့်ကမ်းကပ်ရန်ခက်ခဲမှုများနှင့် ကြုံတွေ့ရပါသည်။

ကျွန်းသားများသည်ပြည်မမှလာသောထိုဇနီးမောင်နှံနှင့်သူတို့၏မိသားစုများကိုသဘောကျနှစ်သက်ခြင်းမရှိသောကြောင့်မိတ်ဆွေဖွဲ့နိုင်ရန် ခက်ခဲပါသည်။

ထိုသို့ခက်ခဲသောအခြေအနေများနှင့်တွေ့ကြုံရချိန်၌ ဘုရားသခင်သည်အချိန်တိုအတွင်းသူတို့နှစ်ဦးအားခေါ်တော်မူခဲ့ကြောင်းသတိရမိသောအခါ အာဗဲရိုနှင့်နာတာလီသည် ကိုယ်တော်၏လက်တော်ကိုယုံကြည်စွာကိုင်စွဲရန် ဆုံးဖြတ်ချက်ချလိုက်ပါသည်။ ထိုနောက်အဲ့ဖွယ်နည်းလမ်းနှင့်ဘုရားသခင်သည်စတင်လုပ်ဆောင်ခဲ့ပါသည်။ အာဗဲရိုသည်သွားဆရာဝန်အလုပ်ထက်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကိုလူအများနှင့်ထိတွေ့နိုင်ရန်ရွေးချယ်ခဲ့သည်။ အသင်းတော်အကြောင်း လူအများကိုသိစေရန်ပို၍လုပ်ဆောင်နိုင်မည်ဖြစ်သည်။ နာတာလီသည်ဒေသတွင်းရှိဆေးရုံ၌အလုပ်ရပါသည်။ ဆိုင်ကယ်လေးတစ်စီးဝယ်၍ အိမ်ပေါက်စေ့အောင် လူတိုင်းထံသွားရောက်လည်ပတ်ပြီး ကျမ်းစာသင်ပေးခဲ့ပါသည်။

ထိုသူနှစ်ဦးသည်အီစတာကျွန်းပေါ် ရှိသတ္တမနေ့အသင်းတော်ကိုဦးဆောင်ကာအသင်းအုပ်တာဝန်များကိုလည်းနှစ်ခြင်းပေးခြင်းနှင့်ထိမ်းမြားလက်ထပ်ပေးခြင်းမှလွဲ၍အသုဘချခြင်းများကိုလည်း ဦးဆောင်ကာလုပ်ကိုင်ခဲ့ကြပါသည်။ ထိုအသင်းတော်တွင်သူတို့ရောက်စ၌ လူကြီး၁၀ ဦးသာရှိပါသည်။

အရင်အချိန်၌ဆက်လက်လုပ်ဆောင်မှုမရှိသော "လမ်းစဥ်လူငယ်" အသင်းကိုပြန်လည်ဖွင့်လှစ်၍စတင်ခဲ့သည်။ ကလေးသူငယ်၂၅ ဦးပထမဆုံးသင်တန်းတက်ရောက်ခဲ့ပါသည်။ လအနည်းငယ်အကြာ၌ကလေးသူငယ်အရေအတွက်ပို၍များလာသည်။ ထို "လမ်းစဥ်လူငယ်" အတန်းခွဲများကိုဒေသခံများမှပြန်လည်ဦးဆောင်နိုင်ရန်သင်ပေးနိုင်ခဲ့သည်။

အာဗဲရိုနှင့်နာတာလီတို့ဇနီးမောင်နှံသည် အီစတာကျွန်းမှပြန်လည်ထွက်ခွာချိန်၌ထို "လမ်းစဥ်လူငယ်" သင်တန်း၌လူငယ် ၉၅ ဦးရှိပြီး၊ထိုလူငယ်များမှသူတို့၏မိဘများကိုဥပုသ်နေ့ ၌ဘုရားကျောင်းသို့ခေါ်ဆောင်လာခဲ့ကြသည်။ ထိုကျွန်း၌တာဝန်ထမ်းဆောင်သောအသင်းအုပ်ဆရာသည်လူငယ်တစ်ဦးနှင့်သူ၏မိခင်တို့အားနှစ်ခြင်းပေးနိုင်ခဲ့ပါသည်။

စိန်ခေါ်မှုများခဲ့သောနှစ်တစ်နှစ်ဖြစ်ခဲ့သော်လည်းပြောင်းလဲမှုရှိခဲ့ပါသည်။ "အသင်းတော်တွင်ဦးဆောင်မည့်အသင်းအုပ်ဆရာရှိ၍လမ်းစဥ်လူငယ်အဖွဲ့သည်လဲဆက်လက်တည်ရှိနိုင်ခဲ့သောကြောင့်ဘုရားသခင်ကိုကျေးဇူးတင်ပါသည်" ဟုအာဗဲရိုနှင့်နာတာလီတို့မှ ပြောကြားခဲ့သည်။

"ကျွန်မတို့ကျွန်းပေါ်မှာနေထိုင်ခဲ့စဥ်က ဘုရားသခင်၏ ကူညီမစမှုမြောက်များစွာရရှိခဲ့ကြောင်းယုံကြည်ပါတယ်။ ကိုယ်တော်လမ်းများကိုဖွင့်ပေးခဲ့ပါသည်" ဟုနာတာလီမှ ပြောပြခဲ့ပါသည်။

အာဗဲရို၊နာတာလီနှင့် ကတ်တယ်လီနာတို့သည်အသင်းအုပ်ဆရာထံမှတစ်နှစ်သာသနာပြုစေတနာ့ဝန်ထမ်းအစီအစဥ်ကို ကြားသိပြီး၊ချီလီသတ္တမနေ့အသင်းတော်တက္ကသိုလ်၌ သာသနာပြုဆရာသင်တန်းတွင်တက်ရောက်ပြီးနောက် အီစတာကျွန်း၌တစ်နှစ်တာအမှုဆောင်အဖြစ် အစေတော်ခံခဲ့ကြပါသည်။

ယခု ၁၃ ပတ်အလှူငွေသည်ထိုသင်တန်းဆောင်တိုးချဲ့ဆောက်လုပ်ရန်ဖြစ်ပါသည်။ နှစ်စဥ်အမှုတော်ဆောင်များမွေးထုတ်၍ဒေသအသီးသီးသို့စေလွှတ်နိုင်ရန်

ဖြစ်သည်။ ဤအရေးကြီးသောစီမံကိန်းအတွက်၊ ပါဝင်လှူဒါန်းမှုပြုသည့်အတွက်အထူးကျေးဇူးတင်ပါသည်။

-o-

"အဆိုတော်မှတရားဟောဆရာအဖြစ်သို့"

ဒီဇင်ဘာလ(၁၃)ရက်၊ ရေးသားသူ- ဆဘားရှန်း၊

ဆဘားရှန်းသည် ချီလီ၌ အသက်တာ၂မျိုးနှင့်နေထိုင်ခဲ့ပါသည်။ အိမ်(သို့မဟုတ်)ကျောင်း၌တည်ငြိမ်သောစာကြိုးစားသော၊နာခံတတ်သောကလေးဖြစ်သည်။ ဥပုသ်နေ့နံနက်၌မိဘများနှင့်အတူဘုရားကျောင်းသို့သွားခဲ့သည်။ အသင်းတော်၌လူငယ်ခေါင်းဆောင်တစ်ဦးဖြစ်သည်။

သို့သော်ဥပုသ်နေ့ဘုရားကျောင်းပြီးသည့်နောက်၊ ကျောင်းဆင်း၍အိမ်ပြန်ပြီးနောက်အချိန်များတွင်လူအများရှိရာသို့သွားပြီး၊ သူ၏အဆိုအကများနှင့်လူအုပ်ကြီးထဲ၌ပျော်မွေ့လေ့ရှိသည်။ လူငယ်သဘာဝအလျောက်အသင်းတော်အရေးကိစ္စများကိုစိတ်မဝင်စားခဲ့ပါ။

ဘုရားကျောင်းသွား၍ဝတ်ပြုကိုးကွယ်ခြင်းနှင့်အခြားသောအသင်းတော်အရေးကိစ္စများသည်ငြီးငွေ့ဖွယ်၊ ပျင်းရိဖွယ်ဖြစ်သည်ဟု သူထင်မိသည်။ သူ၏အသက်တာတလျှောက်လုံးတွင် ဘုရားသခင်၏အကြောင်း ကြားသိခဲ့ရသော်လည်း ဆုတောင်းခြင်း၊ကျမ်းစာဖတ်ခြင်းအားဖြင့် ဘုရားသခင်နှင့်ရင်းနှီးကျွမ်းဝင်ခြင်း၌မှုကားလုံးဝတိုးတက်လာမှုမရှိခဲ့ပါ။ ဘုရားကျောင်း၌ကြားနာခဲ့ရသော ဘုရားသခင်၏အကြောင်းသာသူသိခဲ့သည်။ ဘုရားသခင်၏စီမံကိန်းထဲတွင် ဆဘားရှန် ပါဝင်မှုမရှိခဲ့သလိုပင်ထင်မှတ်ရသည်။

ဘုရားကျောင်း၏အပြင်ဘက်ချီလီနိုင်ငံအနှံ့တွင်မူ ဟစ်ဟော့ ဂီတအမျိုးအစားသည်အလျင်အမြန်နေရာယူလာ၍တောင်အမေရိကတိုက်တစ်တိုက်လုံးအနှံ့ပြန့်

ပွားလျက်ရှိသည်။ ၁၄ နှစ်သား ဆဘားရှိန်သည်အသိစိတ်လွတ်သောသူကဲ့သို့ ပင်ထိုဂီတကိုစွဲလမ်းလျက်ရှိသည်။ ထိုဂီတအမျိုးအစားသီချင်းများကိုနားထောင်၍ပြောင်းလဲမှုရှိလာသည်။ တေးရေးဆရာမှစည်းချက်မရှိ ကဗျာကဲ့သို့ရေးသားသော စာသားများကိုကဗျာလွတ်ရွတ်ဆိုရသော ဟစ်ဟော့သီချင်းများ၊ ရပ်(ပ) သီချင်းများ၏ဆွဲဆောင်မှုကိုနှစ်ခြိုက်ခဲ့ပါသည်။

ရပ်(ပ)ရွတ်ဆို၍ပြိုင်ကြသော အခြားလူငယ်အဖွဲ့တစ်ဖွဲ့နှင့်ပေါင်းမိသည်။ ပြိုင်ပွဲဆိုရာ၌ တစ်ဖက်နှင့်တစ်ဖက်အနိုင်ရရန်အကြောင်းအရာတစ်ခု၏ခေါင်းစဉ်အောက်၌ ထိထိမိမိရွတ်ဆိုရသည်။ အထူးသဖြင့်အကြောင်းအရာခေါင်းစဉ်များမှာသမိုင်း၊သိပ္ပံနှင့်ဘာသာရေးအကြောင်းများဖြစ်သည်။ အဖွဲ့ဝင်များသည် ရပ်(ပ)စာသားကိုကောင်းစွာရွတ်ဆိုနိုင်ရန်အကြောင်းအရာများကိုသေချာစွာဖတ်ရသည်။ ဆဘားရှန် နိုင်ပွဲရခဲ့စဉ်က သူ၏သူငယ်ချင်းမှဆဘားရှန်အားဆက်လက်ပြိုင်ဆိုင်ရန်အားပေးခဲ့သည်။

ဆဘားရှန်သည် သူ့ထက်အသက်ကြီးသောသူအဖွဲ့နှင့်မြို့တော်ပန်းခြံထဲ၌ ရပ်(ပ)စာသားကိုရွတ်ဆိုပြိုင်ခဲ့သည်။ လူ၂၀ယောက်ရှိပြီး လူထုအကြား၌စာတန်အကြောင်းသီဆို၍ အနိုင်ရခဲ့သော်လည်း စာတန်ကိုရှုံးနိမ့်ခဲ့သည်။ အကြောင်းမှာထိုပြိုင်သောနေ့သည်ဥပုသ်နေ့ ဖြစ်သည်။ သူ၏အနိုင်ရခဲ့မှုအတွက်ဂုဏ်ယူမဆုံးဖြစ်၍ထိုသို့စိန်ခေါ် ပြိုင်ဆိုင်မှုကိုသူနှစ်သက်ခဲ့ပါသည်။ ဟစ်ဟော့သီချင်းများအစဉ်နားထောင်ပြီး၊စိတ်တက်ကြွစေရန်အရက်နှင့်မူးယစ်ဆေးဝါးကို စတင်သုံးစွဲခဲ့သည်။

ဆဘားရှန်၏အသွင်နှစ်မျိုးနှင့်အသက်တာကို မိဘများမသိစေရန်သေချာစီစဉ်၍နေထိုင်ခဲ့သည်။ ထိုသို့လေးနှစ်အကြာ၌ ကိုဗစ်၁၉ ရောဂါစတင်ပျံ့နှံ့လာချိန်၌ချီလီ၏မြို့များတွင် လူစုလူဝေးများမလုပ်ရန် တာမြစ်ခဲ့သည်။ ထိုအချိန်တွင်အိမ်အတွင်းနေထိုင်၍အင်တာနက်လိုင်းပေါ်မှ ဟစ်ဟော့ပြိုင်ပွဲများကိုရှာဖွေကြည့်ခဲ့သည်။

သို့သော်အခြေအနေမှာ မတူတော့ပါ။ ဆဘားရှန်၏ကမ္ဘာသည်လည်းအဓိပ္ပါယ်မဲ့သွားခဲ့ပါသည်။

ပထမဆုံး ဘုရားသခင်အကြောင်းသိချင်စိတ်ပေါ်လာခဲ့သည်။ ကွက်လပ်ကဲ့သို့ခံစားနေရချိန်၌ ဘုရားသခင်ကို သိချင်စိတ်ကြီးထွားလာခဲ့သည်။ မိသားစုဝတ်ပြုကိုးကွယ်ခြင်းနှင့်ကြီးပြင်းခဲ့ရသော်လည်း ကိုယ်တိုင်ကိုယ်ကျဘုရားသခင်နှင့်အတူရှိရန်အချိန်မပေးခဲ့ဘူးချေ။ မည်သူတစ်ဦးကမှလည်း ဘုရားသခင်နှင့်အတူအချိန်ပေး၍အသက်ရှင်ရန်ကျမ်းစာဖတ်၊ဆုတောင်းခြင်းရှိရမည်ဟု သူ့အား မပြောခဲ့ပါ။

ဆဘားရှန်သည်ခရစ်တော်ယေရှုနှင့်မိတ်ဆွေဖွဲ့ရန်ဆန္ဒရှိ၍ကိုယ်တော်သည်လည်း သူနှင့်ထိုကဲ့သို့အလိုတော်ရှိသည်ဟု ခံစားမိသည်။ သခင်ယေရှုနှင့်အတူအချိန်ယူရန်နံနက်စောစောအိပ်ယာမှနိုးထနိုင်ရန်ကူညီမှုပေးသနားရန် ဆုတောင်း၍အိပ်ယာဝင်ခဲ့ပါသည်။ နံနက်စောစောအိပ်ယာမှနိုးထရန် ဆဘားရှန် ရှန်းကန်ရလေ့ရှိခဲ့သော်လည်းထိုနံနက်တွင် ၅ နာရီ(သို့မဟုတ်)၆ နာရီတွင်နိုးနေခဲ့သည်။ ဆဘားရှန်သည်ထိုသို့နိုးထရသောကြောင့် "ငါသည်သင်နှင့်မိတ်ဆွေဖွဲ့ရန်စိတ်ဝင်စားမှုရှိ၍ ငါသည်အသက်ရှင်သောဘုရား" ဟု သခင်ခရစ်တော်ကိုယ်တိုင်ပြောနေသကဲ့သို့ခံစားရသောကြောင့် သူပျော်ရွှင်ခဲ့ရသည်။

ဆဘားရှန် ကျမ်းစာကိုစတင်ဖတ်ရှုချိန်၌ပင်သမ္မာကျမ်းစာသည် စာအုပ်တစ်အုပ်ထက်ပိုကြောင်းသိမြင်လာခဲ့သည်။ ကျမ်းပိုဒ်များသည်သူလက်တန်းရွတ်ဆိုခဲ့သော ရပ်(ပ) စာသားများထက်ပို၍ အဓိပ္ပါယ်လေးနက်ပြီး သူ့ရဲ့စိတ်ကို ပိုပြီးဆွဲဆောင်နိုင်ခဲ့ပါသည်။ ပထမဦးဆုံးစိတ်ထဲ၌ လစ်ဟာမှုကိုမခံစားရတော့သလိုအထီးကျန်မှုများလည်းပျောက်ကွယ်ခဲ့ရသည်။ ကိုဗစ်-၁၉ ကပ်ဘေးဆိုက်ချိန်၌ကျမ်းစာဖတ်ခြင်းနှင့်ဆုတောင်းခြင်းများကို ဆဘားရှန် အချိန်ယူ၍လေ့လာဆောင်ရွက်ခဲ့သည်။

တားမြစ်ချက်များလျော့ချလိုက်ချိန်၌သတ္တမနေ့အသင်းတော်၏လူငယ်အဖွဲ့များနှင့်အတူအိမ်တိုင်းသို့သွားရောက်ကာ ဘာသာရေးစာအုပ်များရောင်းချခဲ့သည်။ ထိုအတွေ့အကြုံများသည်သူ၏အတွင်းစိတ်ကိုပြောင်းလဲစေ၍ ခွန်အားနှင့်လည်းပြည့်ဝစေခဲ့သည်။ သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာကိုလူများထံဝေငှနေစဉ်ကိုယ်တော်သည် သူ့အား တရားဟောဆရာအဖြစ်ခေါ်နေသည်ဟု ခံစားလာရသည်။

ယနေ့တွင် ဆဘားရှန်သည် အသက်၂၁ နှစ်ရှိပြီး၊ သတ္တမနေ့အသင်းတော်၏တက္ကသိုလ်၌ ဘာသာရေးနှင့်ဆိုင်သောဘာသာရပ်များကိုလေ့လာသင်ကြားလျက်ရှိသည်။ သူသည်စာတော်သောကျောင်းသားတစ်ဦးဖြစ်သောကြောင့် ဘိုလီးဗီးယားနိုင်ငံ၌ကျင်းပသော ဖန်ဆင်းခြင်းနှင့်ဆိုင်သောဆွေးနွေးပွဲသို့တက်ရောက်ရန်ကျောင်း၏ကိုယ်စားလှယ်အဖြစ်စေလွှတ်ခြင်းခံရသည်။ ကျောင်း၌လည်းတရားဟောဆရာအဖြစ်ပါဝင်အမှုဆောင်လျက်ရှိသည်။

ချီလီနိုင်ငံရှိသတ္တမနေ့အသင်းတော်တက္ကသိုလ်တွင်ပညာသင်ကြားခွင့်ရရှိသည့်အတွက်ဘုရားသခင်ကိုကျေးဇူးတင်လျက်ရှိသော ဆဘာရှန်က “အတိတ်ကကျွန်တော်နဲ့ယခုကျွန်တော်ကွာခြားမှုကိုကြည့်ရင် ဘုရားသခင်၏ကျေးဇူးတော်ကျွန်တော့်အပေါ်၌ ကြွယ်ဝလျက်ရှိကြောင်းမြင်နိုင်ပါတယ်”။ “ကျွန်တော့်အတိတ်ကအအရာအားလုံးယနေ့မှာပြောင်းလဲသွားခဲ့ပါပြီ” လို့ဝမ်းသာစွာပြောပြခဲ့ပါသည်။ “ကျွန်တော့်ရဲ့အသက်တာမှာဘုရားသခင်အလုပ်လုပ်တော်မူပြီး ကိုယ်တော်၏ခေါ်တော်မူခြင်းနှင့်ထိုက်တန်ရန်မျှော်လင့်မိပါတယ်” လို့ ထပ်လောင်းပြောကြားခဲ့ပါသည်။

ယခု ၁၃ ပတ်အလှူငွေသည်ချီလီယမ်တက္ကသိုလ်၌ ကျောင်းသား၅၀ယောက်ထက်မနည်း နေထိုင်နိုင်သော အဆောင်တိုးချဲ့ဆောက်လုပ်ရန်ဖြစ်သည်။ ကျောင်းသား၃၀၀၀ ကျော်တက်ရောက်ပညာသင်ကြားလျက်ရှိသောထိုတက္ကသိုလ်၌အများစုသည် သတ္တမနေ့အသင်းသားများမဟုတ်ကြပါ။ ဘာသာရေးနှင့်ပညာရေး ကျောင်းသားများနေထိုင်ရန်အဆောင်လိုအပ်လျက်ရှိပါသည်။ ဆဘားရှန်သည် ထိုကျောင်း

သားများထဲမှတစ်ဦးဖြစ်ပါသည်။ သင်ထည့်ဝင်လှူဒါန်းသောအလှူငွေအားဖြင့်ထိုအဆောင်တိုးချဲ့မည်ဖြစ်ပါသည်။ သင်၏အလှူငွေအတွက်ကျေးဇူးတင်ပါသည်။

-၀-

"စိတ်ကူးထဲကအိပ်မက်"

ဒီဇင်ဘာလ (၂၀)ရက်၊ ရေးသားသူ-ဂျဲနီ၊ချီလီနိုင်ငံ

ယူနိုက်တက်စတိတ်မှချီလီသို့ပြောင်းရန် ဂျဲနီ၌ ဘယ်သောအခါမျှအစီအစဉ်မရှိခဲ့ပါ။ အင်ဒရူးတက္ကသိုလ်မှဘွဲ့ရပြီးနောက်ချီလီသို့အင်္ဂလိပ်စာသင်ပေးရန် စေတနာ့ဝန်ထမ်းအဖြစ်တစ်နှစ်တာဝန်ထမ်းဆောင်ရန်သွားခဲ့ပါသည်။ တစ်နှစ်ပြီးလျှင်ပြန်လာမည်ဟုစဉ်းစားထားခဲ့သည်။ သို့သော် ငါးနှစ်ကြာပြီးနောက်ချီလီသတ္တမနေ့အသင်းတော်တက္ကသိုလ်၌ ကျမ်းစာဘာသာရပ်ကိုသင်ကြားသောဆရာမအဖြစ်နှင့်သူမ၏ဆန္ဒနှင့်ထပ်တူကျသောဘဝကိုပြန်ရှာတွေ့ခဲ့သည်။

ဂျဲနီသည်ငယ်စဉ်ကပင် သာသနာပြုတစ်ဦးဖြစ်ချင်ခဲ့သည်။ အင်ဒရူးတက္ကသိုလ်၌ဘာသာရေးဘွဲ့ရပြီးနောက် သူမ၏ဆရာမကို၊ သူမ၏ စိတ်ကူးကိုပြောပြခဲ့သည်။ ဆရာမသည်ချီလီသို့သာသနာပြုစေလွှတ်လျက်ရှိသောကြောင့်သူမရှေ့၌သွားရောက်သောသူများလည်းရှိသောကြောင့် ဂျဲနီလည်း ချီလီသို့သွားရောက်သာသနာပြုရန်ဆရာမက အကြံပြုလိုက်သည်။

ထိုအကြံပေးမှုကိုဂျဲနီနှစ်သက်၍ဘွဲ့ရပြီးသည်နှင့်သာသနာပြုများစေလွှတ်သောနေရာ၌ အလုပ်လျှောက်ထားလိုက်ပါသည်။ ချီလီသို့သွားရန် အလုပ်ခန့်စာရောက်လာသောအခါ ချီလီ၌အင်္ဂလိပ်စာသင်ရန်တစ်နှစ်တာဝန်ထမ်းဆောင်မည့်ဂျဲနီသည်လေယာဉ်ပျံစီးလျှက်စတင်ထွက်ခွာခဲ့သည်။ ပထမနှစ်၌ဂျဲနီသည်အင်္ဂလိပ်စာသင်ပေးခြင်း၊ ကျမ်းစာသင်ပေးခြင်းနှင့် အခြားသူများနှင့် မိတ်ဖွဲ့ခြင်းများ၌သာလုပ်

ဆောင်ရ၍မပျော်ရွှင်တော့ပါ။ ဒုတိယနှစ်ဆက်ရှိပေးရန်သင်တန်းမှတောင်းဆိုသဖြင့် သဘောတူခဲ့သည်။

ဒုတိယနှစ်၌ဂျဲနီသည်စပိန်ဘာသာစကားကိုပြောနိုင်သောကြောင့် ချီလီအလယ်ပိုင်းသတ္တမနေ့အသင်းတော်၌ ဘာသာစကား၂မျိုးတတ်သောအသင်းတော်စာရေးမလိုအပ်သောကြောင့် ထိုနေရာ၌ တာဝန်ထမ်းဆောင်ရန်လျှောက်ထားလိုက်ပါသည်။ ထိုနေရာ၌လည်းစေတနာ့ဝန်ထမ်းကဲ့သို့ ပင်ခန့်အပ်ခြင်းခံရသည်။ နောက်သုံးနှစ်အတွက်တာဝန်ထမ်းဆောင်ရန်ဖြစ်၍ ထိုသုံးနှစ်အတွင်း၌အသင်းသားစာရင်းများ အသင်းတော်စာရေးများသင်တန်းနှင့် ဒေသအသင်းတော်ကိုမည်သို့ ဦးဆောင်ရမည့် တရားဟောဆရာကိုသင်တန်းပေးခြင်းကိုသာ လုပ်ဆောင်ခဲ့ရသည်။ ထိုနှစ်အတွင်း၌ ချီလီနိုင်ငံသားနှင့်အိမ်ထောင်ကျပြီးချီလီယမ်တက္ကသိုလ်တွင်ကျောင်းတက်ခဲ့သည် ။

သို့သော်ဂျဲနီမပျော်ရွှင်နိုင်ခဲ့ပါ။ ထိုနောက်ချီလီနိုင်ငံသတ္တမနေ့တက္ကသိုလ်မှ ကျမ်းစာဘာသာရပ်ကိုသင်ကြားရန် စိတ်ဝင်စားမှု ရှိ၊မရှိ မေးသောအခါ၊သူမ၏စိတ်ကူးထဲမှသူမ လုပ်ချင်သောအလုပ်ဖြစ်သည့်အတွက်စိတ်လှုပ်ရှားခဲ့ရပါသည်။ ဂျဲနီသည်တရားဝင်ချီလီနိုင်ငံသားဖြစ်ပြီးနောက်တွင်၊ ချီလီယမ်တက္ကသိုလ်၌ ကျမ်းစာဘာသာရပ်ကိုပြောင်း၍ သင်ကြားသောဆရာမတစ်ဦးဖြစ်လာသည်။

၅နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ်တက္ကသိုလ်၌အချိန်ပြည့်အမှုဆောင်ဆရာမအဖြစ်နှင့်တာဝန်ထမ်းဆောင်ကာ သာသနာပြုသူများနှင့်တစ်သားတည်းဖြစ်ကြောင်းခံစားရခဲ့သည်။ တက္ကသိုလ်၏ကျမ်းစာဘာသာရပ်ကို သင်ကြားပေးသောဆရာမ ၅ ဦးထဲမှ တစ်ဦးအဖြစ် ယနေ့တွင် တာဝန်ထမ်းဆောင်လျှက်ရှိပါသည်။

ကျမ်းစာဘာသာရပ်ကိုသင်သောဆရာမ ၅ ဦးသည်ကျမ်းစာကို ခြုံငုံသင်ကြားပေးရသည်။ ဘာသာရေးကျောင်းသားအပါအဝင်ကျောင်းသားအားလုံးသည် ပထမဆုံးကျမ်းစာကို ဂျဲနီနှင့်သင်ကြားရသည်။ ကျောင်းသားအားလုံး၏၄ပုံ၃ပုံသည်

ဘုရားသခင်အကြောင်းနှင့်ကျမ်းစာကိုဂျဲနီ၏ကျမ်းစာအတန်း၌ပထမဆုံးသင်ကြားရသည်။ ကျောင်းသား ၃၀၀၀ လောက်သည် သတ္တမနေ့အသင်းသားများမဟုတ်ကြပါ။

ယခုတွင် ဂျဲနီသည်အသက် ၂၈ နှစ်ရှိပြီးဖြစ်၍စေတနာ့ဝန်ထမ်းအဖြစ်နှင့်တာဝန်ထမ်းဆောင်စဉ်က သူမ မပျော်ရွှင်ခဲ့ရပါ။ သူမ၏စိတ်ကူးထားသော သာသနာပြုအလုပ်မလုပ်ခဲ့ရသောကြောင့်ဖြစ်သည်။ "ချီလီသို့ တစ်နှစ်သာလာ၍ အလုပ်လုပ်ရမည်ဟုထင်ခဲ့၍ယခုတွင် ၆ နှစ်ရှိခဲ့ပြီး၊ ဘုရားသခင်သည်ကျွန်မကိုဒီနေရာ၌ရှိရန်အလိုတော်ရှိပုံရပါသည်" ဟု ဂျဲနီ ဆိုခဲ့သည်။

ယခု ၁၃ ပတ်၏အလှူငွေများသည်ချီလီနိုင်ငံရှိ ချီလီယမ်သတ္တမနေ့အသင်းတော်တက္ကသိုလ်၏ ကျောင်းသားများအတွက်အဆောင်နှင့် သာသနာပြုများကိုသင်တန်းပေး၍ ဒေသအသီးသီးသို့စေလွှတ်ရန် လိုအပ်သောသင်တန်းဆောင်ကိုဆောက်လုပ်သွားမည်ဖြစ်သည်။ ရက်ရောစွာလှူဒါန်းပေးသူတစ်ဦးစီကို အထူးကျေးဇူးတင်ပါသည်။

-o-

"နေရာတိုင်း၌ရှိသောမြော်လင့်ခြင်းအသင်းသားများ"

ဒီဇင်ဘာလ(၂၇)ရက်၊ ရေးသားသူ- ဂျော်နသန်

အီကွေဒေါမှ ဂျော်နသန်သည်ချီလီသို့ လူငယ်ဘဝ၌ ပြောင်းရွှေ့ခဲ့ရသည်။ သတ္တမနေ့အသင်းသားများမရှိနိုင်ဟုတွေးထင်ခဲ့သော်လည်းချီလီသို့ရောက်သောအခါသတ္တမနေ့အသင်းသားများနေရာတိုင်း၌ ရှိသည်ဟုတွေ့ရသည်။

ယနေ့တွင်ချီလီနိုင်ငံ၌ သတ္တမနေ့အသင်းသားများသည်နေရာအနှံ့အပြားနေရာယူနေထိုင်ကြသည်တော့မဟုတ်ပါ။ လူဦးရေသန်း၂၀တွင်အသင်းသားများသည် ၁၀၆၀၀၀ သာရှိပါသေးသည်။ အချိုးနှင့်တွက်ကြည့်လျှင်ချီလီနိုင်ငံ၏လူဦးရေ ၈၈ တွင်သတ္တမနေ့အသင်းသားတစ်ဦးနှုန်းဖြစ်သည်။

သို့သော်ဂျော်နသန်၏ဘေးပတ်ဝန်းကျင်တွင်သတ္တမနေ့အသင်းသားများကို တွေ့ရလေ့ရှိသည်။ အီကွေဒေါ်နိုင်ငံ၌သူတို့မိသားစုနေထိုင်စဉ်ကခရစ်ယာန်မိသားစု ဖြစ်သော်လည်းဘုရားကျောင်းသို့သွားခဲလှသည်။ မိဘများကဘာသာရေးစိတ်မဝင် စားသော်လည်းဂျော်နသန်မှာမူဘုရားသခင်ကိုယုံ၍အစဉ်ဆုတောင်းလေ့ရှိသည်။

ဆယ်ကျော်သက်အရွယ်၌ဦးလေးျယောက်ကဂျော်နသန်ကိုချီလီနိုင်ငံ၌လာ ၍အလုပ်လုပ်လျက်ပညာသင်ကြားရန်ဖိတ်ခေါ်ခဲ့သည်။ ကြီးမားသောအခွင့်အရေး လို့သူထင်မှတ်ခဲ့ပါသည်။ ကိုဗစ်-၁၉ ရောဂါကြောင့်မြို့ကိုမပိတ်ခင်တစ်လအလို၌ ဂျော်နသန် ချီလီသို့ရောက်ခဲ့ပါသည်။ ထိုရောဂါကြောင့်ဂျော်နသန်သည်အလုပ်လုပ် ခွင့်နှင့်စာသင်ကြားခွင့်မရခဲ့ပါ။ ဦးလေး၏လယ်၌ကူလုပ်၍ရှေ့ဆက်ဘာလုပ်ရမည် ကိုမသိတော့ပါ။

ရက်သတ္တပတ်အနည်းငယ်အကြာ၌သူ၏ဦးလေးလယ်ယာသည်သတ္တမနေ့ အသင်းတော်ခြံဝင်းနှင့်ကပ်လျက်ရှိသည်ကိုသတိထားမိသည်။ ထိုအသင်းသားခြံ စောင့်ျယောက်မှသူ့အားမိတ်ဖွဲ့လာသည်။ သောကြာနေ့ ညနေများတွင်အရသာရှိ သောအစားအစာများကိုဂျော်နသန်အားကျွေးမွေးလေ့ရှိသည်။ ထိုကြောင့်သောကြာ နေ့ ညနေသည်အထူးအချိန်အခါဖြစ်သည်ဟုဂျော်နသန် သိလာသည်။ ထိုခြံစောင့်ျ ယောက်မှသောကြာနေ့ ညနေမှစကာ ဥပုသ်နေ့အစပြုကြောင်းကို သူ့အားပြောပြ သည်။ သို့သော် ဂျော်နသန်သည် သတ္တမနေ့အသင်းတော်နှင့်ပတ်သက်သောအ ကြောင်းများကိုစိတ်မဝင်စားပါ။

တစ်ချိန်တည်း၌ပင်ဂျော်နသန်၏ဦးလေးပိုင်သောလယ်ယာနား၌အခြားသ တ္တမနေ့အသင်းသားတစ်ဦးကမြေတစ်ချို့ကိုဝယ်ယူပြန်သည်။ သူ့ကိုယ်သူမိတ်ဆက် ၍ဂျော်နသန်အားလည်း "မင်းရဲ့ဝိညာဉ်ရေးအသက်တာဘယ်လိုလဲ? လို့မေးလိုက်ပါ သည်။ ထိုသူသည်နေ့စဉ်ဂျော်နသန်ထံအလည်အပတ်ပြု၍ဘုရားသခင်နှင့်သမ္မာ

ကျမ်းစာအကြောင်းပြောပြသောအခါ ဂျော်နသန်မှကောင်းစွာနားထောင်သော်လည်း စိတ်ဝင်စားမှုမရှိပေ။

ထိုသူသည် သူ၏အကြိုက်ဆုံး ကျမ်းချက်ဖြစ်သော ယောရှုမှတ်စာ ၁း၉ ကိုဂျော်နသန်အားဖတ်ပြ၍လိုက်ဆိုခိုင်းခဲ့သည်။ ထိုကျမ်းချက်ကိုအလွတ်ကျက်စေ၍သူကိုယ်တိုင်လည်းစိန်ခေါ်မှုများနှင့်တွေ့တိုင်းထိုကျမ်းချက်ကိုရွတ်ဆို၍ ခွန်အားယူခဲ့ရကြောင်းပြောပြပါသည်။

ဂျော်နသန်သည်ချက်ချင်းအလွတ်ရရန်မှတ်၍ထိုအိမ်နီးချင်အားရွတ်ဆိုပြလိုက်ပါသည်။ “သင့်ကိုငါမှာထားသည်မဟုတ်လော။ အားယူ၍ရဲရင့်ခြင်းရှိလော့။မကြောက်နှင့်၊စိတ်မပျက်နှင့်။ သွားလေရာရာ၌သင်၏ဘုရားသခင်ထာဝရဘုရားရှိသည်ဟုမိန့်တော်မူ၏။”

အချိန်ကြာလာသည်နှင့်အမျှထိုကျမ်းပိုဒ်သည်ဂျော်နသန်၏ အကြိုက်ဆုံးကျမ်းပိုဒ်ဖြစ်လာ၍နှလုံးသားထဲတွင်စွဲမြဲနေတော့သည်။

ဂျော်နသန်၏ ဒုတိယဦးလေးသည် ဂျော်နသန်ဆယ်ကျော်သက်အရွယ်တွင်ချီလီတက္ကသိုလ်တွင်တက်ရောက်ပညာသင်ရန်ခေါ်ယူလိုက်သည်။ မည်သည့်တက္ကသိုလ်သို့တက်ရမည်နည်းဟုမေး၍ချီလီ၏မြို့တော် ဆန်တီယာဂိုလ်၌ ဖြစ်မည်ဟုထင်ခဲ့သော်လည်း “သတ္တမနေ့အသင်းတော်တက္ကသိုလ်မှာမင်းပညာသင်ကြားရမယ်” လို့ပြောစကားကို ဂျော်နသန် အံ့ဩဘွယ် ကြားရပြန်ပါသည်။ “သတ္တမနေ့အသင်းတော်ပဲလား။ သူတို့တွေနေရာတိုင်းမှာရှိတာလား” လို့ သူထင်မိပါသည်။

သူထင်တာကိုဦးလေးကိုမပြောခဲ့သော်လည်း “ဘာကြောင့်သတ္တမနေ့အသင်းတော်တက္ကသိုလ်ဖြစ်ရတာလဲ” လို့ ဦးလေးကိုမေးလိုက်သောအခါ”မင်းရဲ့နေထိုင်ခွင့်ကိစ္စတွေကိုကူညီဆောင်ရွက်တဲ့အခါအခြားသူတွေထက်ပိုဂရုစိုက်ပေးလိမ့်မယ်” “ကောင်းတဲ့ခရစ်ယာန်အသိုင်းအဝိုင်းလည်းဖြစ်တယ်” လို့ ပြန်ဖြေလိုက်ပါတယ်။

ကိုဗစ်-၁၉ ရောဂါကြောင့်လိုင်းပေါ်မှသာကျောင်းတက်ခဲ့ရသည်။ စောစော သိလိုက်ရသောအချက်က၊ သူ၏ကျောင်းသားဘဝသည်ခြားနားမှုရှိလာသည်။အရာ ရာသည် ယုံကြည်ခြင်း၌ ဗဟိုပြုသည်။ အတန်းမစမီ ဆရာ၊ဆရာမများသည် ဆု တောင်း၍ဘုရားဝတ်ပြုခြင်းနှင့်ဆိုင်သောအားပေးစကားပြောသည်။ ဂျော်နသန် သည်သူကြားသမျှမြင်သမျှသောအရာများကို နှစ်သက်မိသည်။ သို့သော်သတ္တမနေ့ အသင်းတော်နှင့်ဆိုင်သောအရာများကိုသင်ယူရန် စိတ်မဝင်စားပေ။

နောက်တစ်နှစ်တွင်ကိုဗစ်-၁၉ရောဂါလျော့နည်းလာသောကြောင့် ကျောင်း များဖွင့်၍အဆောင်သို့ဂျော်နသန်ပြောင်းနေခဲ့သည်။ သူ၏အသက်တာသည်ရုတ်တ ရက်ခြားနားသွားသည်ဟုခံစားမိသည်။ အဆောင်၌စည်းကမ်းများစွာရှိသည်။ ဂျော်န သန်သည် သောကြာနေ့ညနေ၌ ဘောလုံးကစားခြင်း၊ဈေးဝယ်ထွက်ခြင်းများပြုလုပ်၍ မရတော့ပါ။ ဘာကြောင့်မှန်းမသိခဲ့ပါ။

သတ္တမနေ့အသင်းသားသူငယ်ချင်းအသစ်ကဂျော်နသန်ကိုကျမ်းစာဖွင့်၍ဥ ပုသ်နေ့အကြောင်းရှင်းပြခဲ့သည်။ ကမ္ဘာဦးကျမ်း ၂း၁-၃ တွင်ဖန်ဆင်းခြင်းပြီး၍ဘုရား သခင်အနားယူရာနေ့ဖြစ်၍ထိုဥပုသ်နေ့ကိုစောင့်ထိန်းရန် ကိုယ်တော်၏လူမျိုးကိုသ တိပေးလျက်ရှိသော ထွက်မြောက်ရာကျမ်း ၂၀း၈-၁၀ ကိုလည်း ဖတ်ပြပေးလိုက် ပါသည်။

ဦးလေး၏လယ်ကို ကူညီလုပ်ကိုင်ပေးစဉ် ခြံစောင့်ယောက်သည်ဘာ ကြောင့်သူ့အားအစားအစာများအထူးတလည်ကျွေးမွေးခဲ့သည်ကိုသဘောပေါက် လာခဲ့၍သူငယ်ချင်းများနှင့်အတူဥပုသ်စောင့်ခဲ့ပါသည်။ သာသနာပြုဖြစ်ရန်ဆန္ဒပြင်း ပြသောမိန်းကလေးတစ်ဦးကိုတွေ့၍သူမနှင့် နီးစပ်ရန်ဂျော်နသန်ကျမ်းစာကိုပို၍သင် ယူခဲ့ပါသည်။ ကျမ်းစာကိုနက်ရှိုင်းစွာလေ့လာသောအခါလူအချင်းချင်းဆက်ဆံရေး သည်ခဏသာတည်၍ ဘုရားသခင်နှင့်ပေါင်းဖော်ခြင်းသည်ထာဝရတည်ကြောင်းသိ မြင်လာသည်။

ဥပုသ်နေ့တစ်ရက်၌ တရားဟောဆရာသည်ကျောင်းသားများကိုမိမိတို့အား ဘုရားသခင်သည်ခေါ်တော်မူ၍ နောက်တော်လိုက်ရန်ဖိတ်ခေါ်မှုရှိ၊ မရှိဆင်ခြင်ရန် တိုက်တွန်းလိုက်ပါသည်။ ဂျော်နသန်သည်လည်း ကိုယ်တော်ရှင် သူ့ကိုခေါ်တော်မူ သည်ဟုတွေးမိပါသည်။ ခြိစောင့်ယောက်နှင့်မိတ်ဆွေဖြစ်ရခြင်း၊ ယောရှု ၁း၉ ကျမ်း ပိုဒ်အားကျက်မှတ်ရန်သင်ပေးသောအိမ်နီးချင်းနှင့် ရင်းနှီးခွင့်ရခြင်း၊ သူ၏ဦးလေး သည်ဂျော်နသန်ကို သတ္တမနေ့အသင်းတော်တက္ကသိုလ်သို့ပို့ဆောင်ခြင်းများ၊ သူ၏အ နီးအနားတွင်သတ္တမနေ့အသင်းသားများနှင့်တွေ့ဆုံရခြင်း၏ တစ်ခုတည်းသောအဖြေ မှာဘုရားသခင်သည် ဂျော်နသန်ကိုခေါ်တော်မူလျက်ရှိပါသည်။ ထိုနောက်ဂျော်နသန် သည် ကိုယ်တော့်ထံနှလုံးသားကိုအပ်နှံ၍ နှစ်ခြင်းမင်္ဂလာခံယူခဲ့ပါသည်။

ယခုသုံးလပတ်အလှူငွေသည်ချီလီနိုင်ငံ၏သတ္တမနေ့အသင်းတော်တက္က သိုလ်၌ရှိသော စီမံကိန်း၂ခုအတွက်အသုံးပြုရန်ဖြစ်ပါသည်။ ပထမစီမံကိန်းသည် ကျောင်းသားဦးရေ(၅၀) ဆံ့အဆောင်တိုးချဲ့ဆောက်လုပ်ရန်ဖြစ်သည်။ ကျောင်းသား ၃၀၀၀ မျှပညာသင်ကြားလျက်ရှိရာအများသည် သတ္တမနေ့အသင်းသားများမဟုတ် ကြပါ။ အထူးသဖြင့်ဘာသာရေးနှင့်ပညာရေးကျောင်းသားများ အဆောင်နေရန်လို အပ်လျက်ရှိသည်။

ဒုတိယစီမံကိန်းသည် သတ္တမနေ့အသင်းတော်၏စေတနာ့ဝန်ထမ်းသာသနာ ပြုများကိုလေ့ကျင့်သင်ကြားပေးရန်လိုအပ်လျက်ရှိသောအဆောင်တစ်ဆောင်တည် ဆောက်ရန်ဖြစ်သည်။ သင်တန်းသားများသင်ကြားနိုင်ရန် စာသင်ခန်း၅ခန်းပါ၍လူဦး ရေ ၂၅၀ ဆံ့ထိုင်ခုံများပါဝင်မည်ဖြစ်ပါသည်။ ထိုသင်တန်းကျောင်းမှ စေတနာ့ဝန် ထမ်း ၃၀ယောက်ကို နှစ်စဉ်နေရာဒေသအသီးသီးသို့ စေလွှတ်နိုင်ရန်ဖြစ်သည်။ အခြားပိုလျှံသောအလှူငွေများအားဖင့် ကလေးငယ်များကို ဥပုသ်စာဖြေသင်ကြား နိုင်ရန်အဆောင်များလိုအပ်သောအသင်းတော်များ၌တည်ဆောက်နိုင်ရန်ဖြစ်သည်။ ဘရာဇီးလ်နိုင်ငံရှိ ပနန်ဘူကာနို သတ္တမနေ့ကျောင်းဝင်းအတွင်း၌ ဘုရားကျောင်းတစ်

ဆောင်တည်ဆောက်ရန်ဖြစ်ပါသည်။ သင်လျှင်ဒါန်းသော အလှူငွေအတွက် အထူးကျေးဇူးတင်ပါသည်။

-၀-